

တင့်တယ်
ချစ်မိသည့်ဝန်
မြန်လည်ရိုက်နှိပ်ခြင်း
mgyoe.com

mgyoe.com

# တင့်တယ်

## ချစ်မိသည့်ဝန်

ချစ်သူတို့ချစ်ကြရာတွင် တစ်ဦးနှင့်တစ်ဦး မတူကြချေ။
အချို့က အချစ်ခံရုံသက်သက်သာ နားလည်ပြီး
မိမိက မတုံ့ပြန်တတ်ချေ။
တချို့က ချစ်ရုံသာချစ်တတ်ပြီး တုံ့ပြန်မှု မမျှော်ကိုးချေ။
တချို့မူကား အတုံ့အပြန် ချစ်ကြသည်။
ယခုဝတ္ထုတွင် စာရေးသူက
တစ်လမ်းသွားအချစ်အကြောင်းကို ဖော်ပြထားသည်။
ဝတ္ထုပါ ဆရာညွှာသည် ချစ်တတ်သူဖြစ်သည်။
စိန်မြကျင်သည် အချစ်ကို ခံယူကြည်နူးတတ်သော်လည်း
မတုံ့ပြန်တတ်။ တန်ဖိုးမသိတတ်ချေ။
မိမိလုပ်မိသည့် အလုပ်ကို တာဝန်ယူရဲသော ဆရာညွှာသည်
မိမိချစ်မိသဖြင့် ကျလာသော ဝန်ကိုထမ်းသူဖြစ်သည်။
မိမိကသာ ချစ်ရသဖြင့် . . .



FIC0170
2,200.00KS

mgyoe.com

mgyoe.com

ချစ်မိသည့်ဝန်၊ တင့်တယ်
စာမျက်နှာ ၁၃၄++ မျက်နှာ၊ ၁၄ · ၅ စင်တီ × ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၅၈ ပွင့်လင်းစာပေ၏ ပထမအကြိမ်မှူ၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# စာရေးသူ၏အမှာ

ဤ... ချစ်မိသည့်ဝန်... ဝတ္ထုနှင့် ပတ်သက်၍ စာရေးသူကိုယ်တိုင် ဝန်ခံရမည်ဖြစ်သော အချက်နှစ်ချက်တို့ ရှိနေကြပေသည်။ ပထမအချက်မှာကား ဝတ္ထု၏အမည်နှင့် ပတ်သက်၍ဖြစ်သည်။ "ချစ်မိသည့်ဝန်"...ဆိုသည့် စကားလုံးမှာ... ရှေးဦးပထမ စာဆိုတော် နဝဒေးကြီးက သူ၏ရတုတစ်ပုဒ်တွင် အသုံးပြု၍ သွားခဲ့ပေသည်။ စာရေးသူတို့၏ ခေတ်သို့ရောက်သောအခါ၌ ဆရာမင်းသုဝဏ်ပင်လျှင် "ချစ်ဝန်မှလွတ်၊ ချစ်ညွတ်မှရှင်း" ဟူသော စကားလုံးများကို မနီးယိုးစွဲ သုံးစွဲကာ ပြောင်မြောက်သော ကဗျာတစ်ပုဒ်ကို ဖွဲ့နွဲ့အောင်မြင်ခဲ့ဖူးပေသည်။ နောက်တစ်ဖန် အချစ်၏ ကြီးမားလှသောဝန်ကို စာရေးသူ၏ ရောင်းရင်းတစ်ဦးဖြစ်သော ကွယ်လွန်သူ သန်းဆွေသည် "ချစ်မိသည့်ဝန်" ဟူသော ခေါင်းစဉ်ဖြင့် ရှုမဝမဂ္ဂဇင်းထဲတွင် ဝတ္ထုတစ်ပုဒ် ရေးသားခဲ့ဖူးပေသည်။ 'ချစ်မိသည့်ဝန်' ဆိုသောစကားသည် အဓိပ္ပာယ်ပြည့်ဝလှသည် ဖြစ်သောကြောင့် ခေတ်အမျိုးမျိုးမှ စာဆိုတို့ အသုံးပြုခဲ့ဖူးကြောင်းများလှသည်မှာ ထင်ရှားလှပေပြီဖြစ်သည်။ စာရေးသူ ကိုယ်တိုင်သည်လည်း ထို 'ချစ်မိသည့်ဝန်' စကားလုံးကို နှစ်ခြိုက်လှသည်ဖြစ်၍ ယခုလုံးချင်းဝတ္ထုကို အမည်ပေးရာတွင်လည်း "ချစ်မိသည့်ဝန်" ဆိုသော စကားလုံးကိုပင် ခေါင်းစဉ်အဖြစ် အသုံးပြုခဲ့ပေသည်။

mgyoe.com

mgyoe.com



တစ်ဖန်... ဤ "ချစ်မိသည့်ဝန်" လုံးချင်းဝတ္ထုသည် အသစ်စက်စက်ရေးသားသော ဝတ္ထုမဟုတ်ကြောင်းကို ဒုတိယဝန်ခံချက် ပေးရပေဦးမည်။ ဤဝတ္ထု၏ မူလမှာ ရှုမဝမဂ္ဂဇင်းတွင် စာရေးသူ ရေးသားထည့်သွင်းခဲ့သော "ဆရာညှာ" နှင့် "ပြန်ချိန်တန်သော်" ဝတ္ထုရှည်ကြီးနှစ်ပုဒ်တို့ကို ပေါင်းစပ်ထားခြင်းပင် ဖြစ်ပေသည်။ တစ်လလျှင် တစ်ပိုင်းစီပါခဲ့သော ထိုဇာတ်လမ်းများသည် စာရှုသူအချို့၏အဖို့၌ ရှေ့ပိုင်းကိုဖတ်ဖူး၍ နောက်ပိုင်းကို မဖတ်ဖူးသူလည်း ရှိကောင်းရှိပေမည်။ ဒုတိယပိုင်းတစ်ခုတည်းကိုသာ ဖတ်ဖူးသူများလည်း ရှိချင်လျှင် ရှိပေလိမ့်မည်။ သို့ဖြစ်ပေရာ "ချစ်မိသည့်ဝန်" မည်မျှအထိ ကြီးလေးပင်ပန်းနိုင်ကြောင်းကို တင်ပြလိုသောအားဖြင့် အဆိုပါ ဇာတ်လမ်းနှစ်ပိုင်းတို့ကို တပေါင်းတစည်းတည်း လုံးချင်းဝတ္ထုအဖြစ်ဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ထုတ်ဝေသူပုဂ္ဂိုလ်များနှင့် ညှိနှိုင်းတိုင်ပင်ကာ ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသည်။

ဤဝန်ခံချက်နှစ်ရပ်တို့သည် စာရှုပရိသတ်အား ဤလုံးချင်းဝတ္ထုနှင့် ပတ်သက်၍ ထင်ယောင်ထင်မှား မဖြစ်စေရန် ကြိုတင်၍အစီရင်ခံထားခြင်း ဖြစ်ပေသည်။ ဝတ္ထု၏ ရည်ရွယ်ချက်သည် "တပည့်ညှာရင်နာ" ဟူသော စကားတစ်လုံး၏အပေါ်မှာ မူတည်၍ ဇာတ်အိမ်တည်ဆောက်ကာ ဇာတ်ကွက်ဆင်၍ ထားခြင်းဖြစ်၏။ ရည်ရွယ်ချက်မှာမူကား စေတနာမည်မျှပင်ထားသော်လည်း စေတနာသည် ထားသမျှအကျိုးပေးသည်မဟုတ်။ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့အပြင်အဟောသိကံလည်း ဖြစ်တတ်ပေသေးသည်ဟူသော သဘောကိုတင်ပြလိုရင်းပင် ဖြစ်ပေသည်။ စာရေးသူကိုယ်တိုင်၏ အယူအဆတွင်ဤဝတ္ထုသည် ဝတ္ထုမည်ကာမတ္တမဟုတ်၊ ဗုဒ္ဓ၏ ယူဆချက်တစ်ရပ်ကိုတတ်စွမ်းသမျှသော အင်အားဖြင့် ကြိုးစားတင်ပြခြင်းမျှသာဖြစ်ကြောင်းအစီရင်ခံလိုပေသည်။

တင့်တယ်



mgyoe.com

mgyoe.com



# စာဖတ်သူတစ်ဦး၏ ထင်မြင်ချက်

မြန်မာ့ယဉ်ကျေးမှုတွင် ဆရာများကို အနန္တဂိုဏ်းဝင်အဖြစ် မှတ်ယူလေးစားခဲ့ကြသည်။ ဆရာများ စကားကို မြေဝယ်မကျ တစိုက်မတ်မတ် လိုက်နာကြသည်။ ဆရာ၏ ပဲ့ပြင်ကွပ်ကဲမှုဖြင့် လူငယ် စာသင်ကျောင်းသားများ၏ ဘဝသည် သာယာဖြောင့်ဖြူးမည်ဟု စွဲမြဲ ယုံကြည်ကြသည်။ ဆရာများကလည်း တပည့်များကို ရင်နှစ်သည်းချာ သားသမီးများသဖွယ် မှတ်ယူကြသည်။ တပည့်များ ကောင်းစားရေးကို ရှေးရှုသည်။ တပည့်မကောင်း ဆရာ 'ဝန်' မကင်းသဖြင့် တပည့်များ၏ ပညာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး ဘက်ပေါင်းစုံ ဂရုစိုက်သည်။ ဗလငါးတန်ပြည့်ဝရေး ရည်မှန်းကြသည်။ ဆရာတင့်တယ်သည် မြန်မာ့လူ့ဘောင်ရှိ ဆရာတပည့် ဆက်ဆံရေးကို ဂရုပြုမိဟန် တူသည်။ ရှေးအစဉ်အဆက်က တည်ရှိခဲ့သော ခိုင်မာသည့် မြန်မာ့ယဉ်ကျေးမှုတစ်ရပ် မြန်မာ့အမြင်နှင့် အတွေးအခေါ်ကို ဖော်ထုတ်လိုဟန် တူသည်။ ဆရာညာအား တကယ်ရှိခဲ့ဖူးသော ဆရာများကို ကိုယ်စားပြုသော ဆရာတစ်ယောက်အဖြစ် ဖန်တီးထားသည်။ ဆရာတစ်ယောက်၏ တာဝန်သည် ကျောင်းပရဝဏ်နှင့် စာသင်ခန်းအတွင်းမှာ မပြီးဆုံးပေ။ ဆရာ့တာဝန်သည် တပည့်များရှိရာ အရပ်အထိ

mgyoe.com

mgyoe.com



ထက်ကြပ်မကွာလိုက်၏။ ဆရာသည် ရွှံ့ဖယောင်း ကျောက်သားတို့ကို ကိုင်တွယ်သော ပန်းပုရုပ်ထုဆရာနှင့် တူ၏။ ကုန်ကြမ်းမှ လက်ရာမြောက်သော အနုပညာ၊ အသက်ပါသော ပန်းပုရုပ်များကို ဆစ်ထုနိုင်သကဲ့သို့ အချည်းနှီးအဖြစ်လည်း ဖြုန်းတီးနိုင်သည်။ ဆရာညွှာသည် ပန်းပုဆရာကောင်း ပီသသည်။ ဆရာကောင်း ပီသသည်၊ အညွှန့်တလူလူ အစို့ထွက်နေသော မောင်ချိုကဲ့သို့သော တပည့်များကို မျက်ခြည်မပြတ် မြေတောင်မြှောက်ပေးသည်။ မောင်ချိုသည် စာတော်သည်။ အလားအလာရှိသည်။ အညစ်အကြေး အစွန်းအထင်းမရှိချေ။ မောင်ချိုကို စာသင်ပေးသည်။ မောင်ချို့ဘဝကို ကောင်းစေလိုသည်။ မောင်ချို့ဘဝကို ထိခိုက်နစ်နာစရာ၊ ပညာရေးကို အနှောင့်အယှက်ဖြစ်လာစရာမြင်သည့်အခါ တာဝန်သိသိ အချိန်မီတားဆီးရန် ကြိုးစားသည်။ တပည့်အတွက် ငဲ့သည်။ တပည့်ကို နွံတွင်းမှ ကယ်လိုသည်။ သို့သော် မိမိကိုယ်တိုင် ခိုင်မာသော အခြေပေါ်မှာ မရပ်မိချေ။ မိမိခြေအောက်က မြေသည် မခိုင့်တခိုင်မို့ ညွှန်တွင်း နစ်ရသည်။ တပည့်ကို ကယ်နိုင်သော်လည်း တပည့်လွတ်သော ညွှတ်ကွင်းတွင်း၌ မိမိ မသိမသာ သက်ဆင်းမိသည်။ တပည့်အန္တရာယ်ကို မိမိအတွက် ဝယ်ယူလိုက်သကဲ့သို့ ရှိသည်။ ဤနေရာထိ ဆရာညွှာသည် အမည်နှင့်လိုက်ဖက်အောင် တပည့်ကို ဘဝပေး၍ ညွှာသူဖြစ်သည်။ ဤအဖြစ်ကို ဆရာတင့်တယ်က ရင်နာနာနှင့် ခံစားသိရှိခဲ့ဟန် တူသည်။ ထိုအတိုင်း အနုပညာပြောင်မြောက်အောင် အရသာရှိရှိ ဖန်တီးတင်ပြထားသည်။ ဆရာညွှာ၏ ညွှာတာထောက်ထားသော ဘဝ၊ စာနာသောဘဝ၊ အနစ်နာခံသော ဘဝကို ပေါ်လွင်စေသည်။ ထို့ကြောင့်လည်း ချစ်မိသည့်ဝန် ပထမပိုင်းကို ရေးစဉ်က ဆရာညွှာဟူ၍ အမည်ပေးခဲ့ဟန်တူသည်။

လူသည် စိတ်လှုပ်ရှားမှုကို ခံစားတတ်သည်။ ဖန်တီးတတ်သည်။ အသိအမှတ် ပြုတတ်သည်။ ဘဝမှ ဖြစ်ပေါ်ပေါက်ဖွားလာသော စိတ်ဝေဒနာသည် တစ်ခါတစ်ရံ ဘဝကိုပင် ရစ်ပတ်သည်။ နှောင်ဖွဲ့လာတတ်သည်။ စိုးမိုးခြယ်လှယ်တတ်၏။ ဘဝသည် တစ်ခါတစ်ရံ ထိုစိတ်လှုပ်ရှားမှု၏ ကျေးကျွန်ဖြစ်လာသည်။ ချစ်ခြင်းမေတ္တာ

mgyoe.com

mgyoe.com



သည် လူလူချင်း ပေါင်းသင်းဆက်ဆံရာမှ ပေါက်ဖွားလာသော တရားဖြစ်သည်။ လူသည် ချစ်ခြင်းမေတ္တာနှင့် ကင်းကွာနေ၍ မရစကောင်း ချစ်ခြင်းမေတ္တာကို အကြမ်းအားဖြင့် ၅၂၈ နှင့် ၁၅၀၀ ဟူ၍ နှစ်မျိုး ထပ်မံခွဲကြသည်။ စာပေအနုပညာသမားများသည် အချစ်ကို အမျိုးမျိုး သရုပ်ဖော်ကြသည်။ စာပေသမားများသည် အချစ်အကြောင်းကို ရေးလာကြသည်မှာ စာပေသက်တမ်းအမျှ ရှိပေသည်။ မြန်မာ့စာပေမှာလည်း အချစ်ဝတ္ထုအများပင် ပေါ်ခဲ့သည်။ ပေါ်ဆဲလည်းဖြစ်သည်။ အချို့သော အချစ်ဝတ္ထုများမှာ အနှစ်မပါ အကာသက်သက်ဖြစ်သည်။ အချစ်အကြောင်း သက်သက်ဖွဲ့နွဲ့ ရေးကြသည်။ အသည်းကွဲစာများဟု ခေါ်ဆိုနိုင်၏။ ဆရာတင့်တယ်သည် ချစ်မိသည့်ဝန်တွင် အချစ်အကြောင်း ရေးသား၏။ သို့သော်... မြင်တွေ့ဖတ်ရှုရသမျှသော အချစ်ဝတ္ထုနှင့် မတူပေ။ အချစ်အကြောင်းကို ဘဝနှင့်ယှဉ်၍ ရေးသားသည်။ စိတ်ကူးသက်သက်ဖြင့်လည်း ဖန်တီးထားသော စိတ်ကူးယဉ် အချစ်ဝတ္ထုမဟုတ်ပေ။ လေးနက်သော ဘဝသင်ခန်းစာပါသော ဘဝသရုပ်ဖော် အချစ်ဝတ္ထု ဖြစ်သည်။

ချစ်သူတို့ချစ်ကြရာတွင် တစ်ဦးနှင့်တစ်ဦး မတူကြချေ။ အချို့က အချစ်ခံရုံသက်သက်သာ နားလည်ပြီး မိမိက မတုံ့ပြန်တတ်ချေ။ တချို့က ချစ်ရုံသာချစ်တတ်ပြီး တုံ့ပြန်မှု မမျှော်ကိုးချေ။ တချို့မှုကား အတုံ့အပြန် ချစ်ကြသည်။ ဆရာတင့်တယ်သည် တစ်လမ်းသွားအချစ်အကြောင်းကို ဖော်ပြထားသည်။ ဆရာညွှာသည် ချစ်တတ်သူဖြစ်သည်။ စိန်မြကျင်သည် အချစ်ကို ခံယူကြည်နူးတတ်သော်လည်း မတုံ့ပြန်တတ်။ တန်ဖိုးမသိတတ်ချေ။ မိမိလုပ်မိသည့် အလုပ်ကို တာဝန်ယူရဲသော ဆရာညွှာသည် မိမိချစ်မိသဖြင့် ကျလာသော ဝန်ကိုထမ်းသူဖြစ်သည်။ မိမိကသာ ချစ်ရသဖြင့် အစစအရာရာ အလိုလိုက်သည်။ အနစ်နာခံသည်။ သို့သော်... ချစ်ခြင်းမေတ္တာပေါ်မှာ အခြေခံတည်ဆောက်ထားသော အိမ်ထောင်ရေးမဟုတ်သဖြင့် စလယ်ဝင် ဖင်မမည်းခင်က ကွဲရသည်။ အချစ်လမ်းညွှန်မရှိသဖြင့် မတူညီချက်များ ထိပ်တန်းရောက်ခဲ့သည်။ အပြန်အလှန် မညှိသဖြင့်လည်း တူညီမှု မရရှိခဲ့

mgyoe.com

mgyoe.com



ချေ။ တစ်ဖက်သတ်လိုက်၍ ညှိရသူ၊ မချစ်တတ်သူ မတုံ့ပြန်တတ်သူကို ချစ်ရသဖြင့် စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရသည်။ မချစ်မနှစ်သက်သူနှင့် နေရခြင်းတည်းဟူသော ဆင်းရဲဒုက္ခနှင့် ရင်ဆိုင်တွေ့ရသည်။ ဆရာညွှာ၏ ဘဝသည် ခြေမွဖျက်ဆီးခြင်း ခံရသည်။

ချစ်မိသည့်ဝန်ဝတ္ထုတွင် ဆရာညွှာ၏ဘဝသည် ကျောရိုးဖြစ်သည်။ ဆရာညွှာသည် အဓိကဇာတ်ကောင် ဖြစ်သည်။ အနှစ်နာခံချစ်ခြင်း စာနာထောက်ထားခြင်းသည် လမ်းညွှန်အဘိဓမ္မာဖြစ်သည်။ ဆရာညွှာ၏ ဘဝကို သရုပ်ဖော်ရာတွင် ဆရာညွှာနှင့် မောင်ချို၊ ဆရာညွှာနှင့် စိန်မြကျင် ဆရာညွှာနှင့်နှမငယ် မခင်တင့်တည်းဟူသော ဇာတ်ကြောင်းသုံးသွယ်ဖြင့် စီခြယ်သည်။ ဆရာညွှာ့ဘဝ ပီပြင်ထင်ရှားရန် မီးမောင်းသုံးခုဖြင့် ထိုးပြသည်။ အလင်းအမှောင် ညှိထားသည်။ ဖန်တီးစွမ်းအားကြီးမားသော အနုပညာသည်တစ်ဦး၏ ဖန်ဆင်းထားမှုဖြစ်သည်။ ဇာတ်လမ်း၏ အထွတ်အထိပ် (Climax) ကို ပို့ဆောင်ရာတွင် တစ်ရစ်ပြီးတစ်ရစ် တစ်ထစ်ပြီးတစ်ထစ် ပို့ထားသည်။ အကွေ့တိုင်းမှာ ဘဝင်ခိုက်လောက်သော ခံစားမှုကို ပေးထားသည်။ ဝတ္ထုဇာတ်လမ်း ဖန်တီးရေးသားထားသည်မှာ တကယ့်ဘဝ ဇာတ်ကောင်ကဲ့သို့ ရှင်သန်လှုပ်ရှားနေသည်။ ရုပ်လုံးမပီမသဖြစ်နေသော အစပိုင်းမှာ ဆွဲငင်အားနည်းနေသော်လည်း ပန်းချီ ရုပ်ပေါ်လာသောအခါ ပုံကားချပ်ကို မျက်နှာမခွာနိုင်သကဲ့သို့ ဇာတ်လမ်းတည်ဆောက်လာသည့်အခါ လက်ထဲမှ မချချင်လောက်အောင် ဆွဲဆောင်မှုရှိသည်။ ဆရာတင့်တယ်သည် ဆေးစက်ကျရာ အရုပ်ထင်သော ပန်းချီကျော်တစ်ဦးကဲ့သို့ စာရေးကောင်းလှသူ ဖြစ်သည်။ "ချစ်မိသည့်ဝန်" ဝတ္ထုသည် ခိုင်မာသော ဇာတ်လမ်းအချိတ်အဆက် ထိမိသော ဇာတ်ကွက်ရည်ရွယ်ချက်နှင့် အဘိဓမ္မာရှိသော ဘဝသရုပ်ဖော် ဝတ္ထုဖြစ်သည်ဟု ထင်မြင်ယူဆမိပါသည်။ သို့အတွက် ပွင့်လင်းအားထုတ်ဝေရန် တိုက်တွန်းမိပါကြောင်း။

**စာဖတ်သူတစ်ဦး**



mgyoe.com

mgyoe.com

# ချစ်မိသည့်ဝန်

"ဆရာညှာ မဟုတ်ဘူးကွ၊ မင်းတို့ သူ့နာမည်ကို စာလုံးပေါင်း မှားပြီးနေလို့ပါ၊ သူ့နာမည်အစစ်က ဆရာညှာတဲ့ကွ။ မှတ်ထားကြ တစ်သက်လုံး... ဟား... ဟား..."

အာပေါင်အာရင်း သန်သန်နှင့် တစ်ယောက်ကပြော၍ ကျန်လူများက ဟားတိုက်၍ ရယ်လိုက်သောအသံကို ကြားရသည့်အခါတွင် ကျွန်တော့်မှာ ဆရာ့အတွက် ဝမ်းနည်းပက်လက် ယူကျုံးမရကြီး ဖြစ်ရပါတော့သည်။

ဤအဖြစ်ကို ကြုံရသည်မှာ စာရေးသူ ကျွန်တော် ခပ်ငယ်ငယ်ကဖြစ်သည်။ ယခု အသက်အရွယ်သို့ ရောက်၍လာသည့်တိုင်အောင် ကျွန်တော်သည် ဆရာညှာကို မမေ့သေး၊ အထူးသဖြင့် ယခုကဲ့သို့ စာမေးပွဲ အောင်စာရင်းများထွက်ချိန်၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်မျိုးတွင် ကျွန်တော်သည် ဆရာရင်းတစ်ဦး ဖြစ်ခဲ့ဖူးသူ ဆရာညှာ၏အကြောင်းကို သတိပြန်၍ ရလာတတ်သည်။ သတိရတိုင်းပင်လည်း ဆရာညှာသည် 'ဆရာညှာ' မဟုတ်ကြောင်းကို ပြန်ပြောင်းတွေးတောမိသည်။ ဆရာညှာ မဟုတ်သည်သာမက 'ဆရာနာ' ဖြစ်ရရှာပုံကိုလည်း စဉ်းစားမိတိုင်း စိတ်မကောင်းဖြစ်ရပြန်သည်။

ဤပုံပြင်ကလေးတွင် ပါဝင်ကြသော အချက်အလက်တို့မှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ခေတ်တွင် ဖြစ်ပျက်ခဲ့လေရာ၊ ယခုခေတ် အခြေအနေနှင့် နှိုင်းယှဉ်စဉ်းစားလိုက်မည်ဆိုပါက တစ်မျိုးတစ်ဖုံ ထူးခြားဆန်းကြယ်၍ နေလိမ့်မည်ဟုလည်း ကျွန်တော်ထင်မိသည်။ မည်သို့ပင်ဖြစ်စေကာမူ ယခုလောလောဆယ်မှာလို မိုးတွေတဖြိုင်ဖြိုင်ရွာ၍နေသော မိုးရာသီ၌ စတင်ခဲ့သော ဆရာညှာ၏ အဖြစ်အပျက်သည် ကျွန်တော်၏ စိတ်ထဲတွင် တရေးရေး ပေါ်ပေါက်လာရပြန်သည်ဖြစ်၍ သူ၏ အဆုံး

mgyoe.com

mgyoe.com

သတ်၍မရသော ပုံပြင်ကို ကျွန်တော် ယခုကဲ့သို့ ရေးသားနေမိခြင်း ဖြစ်ပေသည်။ သြော်... ဆရာညှာ...”

*

ကျွန်တော်တို့ မြို့ကလေးသည် မြန်မာပြည်၏ ‘ဂျပန်ပြည်’ ကလေးဟုခေါ်ဆိုထိုက်ပါသည်။ အကြောင်းမှာမူကား ကျွန်တော်တို့မြို့သည် ပိုးထည်လုပ်ငန်း ထွန်းကားသော မြေလတ်ပိုင်း မြို့ကလေးဖြစ်သည်။ ပိုးထည်လုပ်ငန်းတွင် လောပိုး၊ တရုတ်ပိုးစသော ပိုးရိုင်းအခင်များကို နိုင်ငံခြားမှဝယ်ယူ၍ ပိုးထည်ချောများအဖြစ်သို့ရောက်အောင် ပြုပြင်ဖန်တီးကြရပေရာ၊ ပိုးပြုတ်၊ ပိုးလျှော်၊ ပိုးလုန်း၊ ပိုးဆိုး၊ ပိုးချ၊ ရက်ကန်းရှည်၊ လိပ်တုံးသွင်း၊ နပ်ကော်၊ ကော်စီတွဲ၊ ပင်စာတင်၊ ကြောတင်၊ ရက်ဖောက်ယောက်၊ ရက်ကန်းခတ် အစရှိသော အိမ်တွင်းအလုပ် ပေါများပါသည်။ ထို့ကြောင့်ပင်လည်း ကျွန်တော်တို့၏ မြို့၌ ငါးနှစ်သား ငါးနှစ်သမီးအရွယ်ကို ရောက်ပြီဆိုလျှင်ပင် ဝင်ငွေရနိုင်သော မြို့ဖြစ်နေပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့မြို့ကလေးကို မြန်မာပြည်ရှိ ‘ဂျပန်ပြည်ကလေးဟု’ စောစောက ကျွန်တော်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကလေးအရွယ်ကစ၍ စီးပွားရေး ညဉ်သန္တေတည်ခဲ့စေနိုင်သော ထိုမြို့ကလေးတွင် ရင်နာဖွယ်ရာ အဖြစ်တစ်ခုကို ကြုံတွေ့ခဲ့ရဖူးပါ၏။ မိုးတဖြိုင်ဖြိုင်ရွာ၍နေသော ဤရာသီတွင် ၎င်းအဖြစ်အပျက်ကလေးကို ကျွန်တော်စာတင်လိုသည်။ ကမ္ဘာဝစရကုသိုလ်ကံ အကျိုးပေးအတိုင်း ပျော်ရာတွင် မနေရဘဲ တော်ရာတွင် နေရသော်လည်း ကိုယ့်မြို့ကိုယ့်ရွာကိုပြန်လည်၍ လွမ်းဆွတ်သောစိတ်သည် ကိုယ့်မြို့ကိုယ့်ရွာက အဖြစ်အပျက်ကလေးများနှင့် ရှေးဟောင်းနှောင်းဖြစ် အကြောင်းသနစ်များကို ပြန်လည် တွေးတောမိစေလျက်ရှိခြင်းကပင် ဤပုံပြင်ကလေးကို ရေးသားမိပါ၏။ မှတ်မိသော အချက်အလက်များမှာမှုန်ဝါးဝါးမဟုတ်၊ လက်ငင်း မျက်မှောက်တွင် မျက်ဝါးထင်ထင် မြင်၍နေရဘိသကဲ့သို့လည်း ရှိလှချေသည်။ ယခုမှစ၍ ကျွန်တော်သိသော ပုံပြင်ကလေးကို ပြောပြချင်သည်။

*

စာဖတ်သူကိုယ်တိုင် ‘မြေလတ်ရက်ကန်းမြို့’ ဟု ဆိုကာမျှနှင့် ဘယ်မြို့ဖြစ်သည်ဟု အလိုလို သိနိုင်မည်ဖြစ်သောကြောင့် မြို့အမည်ကို ကျွန်တော် ထုတ်ဖော်ရန်လိုမည်မထင်ပါ။

mgyoe.com

mgyoe.com


ကျွန်တော်တို့မြို့ကလေးသည် မလုပ်ချင်ကာမှသာ နေလေရော့၊ စစ်ကြိုခေတ်က အလုပ်အကိုင် အလွန်ပေါခဲ့သည်။ ငါးနှစ်သားအရွယ်သို့ ရောက်ပြီဆိုလျှင်ပင် တညင်လုံး၌ ရစ်ပြီးဖြစ်သော (ချုပြီးဖြစ်သော) ပိုးများ ချည်များကို ရက်ကန်းထောင် သူဌေးအိမ်သို့ သွားပို့ပေးကာမျှဖြင့် ပိုက်ဆံတစ်ပဲရနိုင်သော မြို့ကလေးဖြစ်သည်။ လူကြီးလူငယ် မရွေး အလုပ်ရှိသည်။ ငွေစကလေး ရွှင်ကြသည်။ လှလှပပ စားဝတ်နေရေး ဖူလုံကြသည်။ ယုတ်စွအဆုံး ပိုးလုံချည်ကို ရက်ကန်းတစ်တန်း ရက်လုပ်ပြီးစီးတိုင်း အပိုထွက်၍လာသော ဖြတ်စများကိုစပ်၍ စပ်လုံချည် ရောင်စုံလုပ်ကာ ဝတ်နိုင်ကြသည်။ ပိုးပုဆိုးကို ခါးပေါ်မှမချသော မြို့ဟုလည်းခေါ်နိုင်ပေသည်။ မြို့ပတ်ဝန်းကျင်တွင် အသီးအနှံသန်စွမ်းသော လယ်ကွင်းကြီးများရှိသည်။ မြို့လယ်၌ ဖြတ်၍စီးဆင်းနေသော ချောင်းကြီးတစ်ချောင်းရှိသည်။ မိုးတွင်း၌ ရေလျှံသည်။ (ချောင်းရေတက်သည်) ဟု ခေါ်ပါသည်။ ချောင်းရေကျသွားသောအခါ ချောင်းဘေးတစ်ဖက်ရှိ မြေပြန့်၌ နုန်းနှစ်များတင်ကျန်ရစ်ခဲ့၍ ဆောင်းအခါ၌ စားပင်သောက်ပင်များ ဖြစ်ထွန်းကြွယ်ဖြိုးလှသည်။ ချောင်းရေရှိနေသဖြင့် ကြက်၊ ဝက်၊ နွားမွေးမြူရေး အဆင်ပြေသည်။ ဧရာဝတီမြစ်ကမ်းဘေးဖြစ်၍လည်း ငါးပေါသည်။ မြေလတ်ပီပီ ငှက်ပျော၊ အုန်း၊ သရက်၊ မာလကာ စသည့်သီးပင်များလည်း ထွန်းကားလှသည်။ သဘာဝ အနေအထားအားဖြင့် ကျွန်တော်တို့၏ မြို့ကလေးမှာ အစားအသောက် အဝတ်အထည် ပေါသည်။ တစ်ဖန် ကျွန်တော်တို့ မြို့ကလေးသည် ပဲခူးရိုးမတောင်စွယ် တစ်ခုလာ၍ ဦးတိုက်နေသောမြို့ဖြစ်သဖြင့် သစ်ဝါးပေါပြန်သည်။ မြန်မာ့ရိုးရာ ဆေးဝါးပစ္စည်းပေါသည်။ တစ်ဖန် ကျွန်တော်တို့၏ မြို့ကလေးမှာ ခရိုင်မြို့ကြီး မဟုတ်သော်လည်း (Township) မြို့တစ်မြို့ဖြစ်ရာ ဝန်ထောက်ရုံးစိုက်သည်။ L.M.P ဆရာဝန်ဦးစီးသော ဆေးရုံလည်း ရှိသည်။ တကယ် အရေးကြီးသော လူနာပါရှိကလည်း ရှစ်မိုင်သာဝေးသော ခရိုင်မြို့ကြီးရှိ ဆေးရုံကြီးသို့သွားနိုင်သည်။ ပညာရေးနှင့် ပတ်သက်၍မူ ကျွန်တော်တို့မြို့၌ အခလွတ် စာသင်ပေးသော ဘုန်းကြီးကျောင်းများရှိသည်။ ပထမတက္ကသိုလ်သပိတ်ကြီး၏ အမွေအနှစ်ဖြစ်သော နေရှင်နယ်ကျောင်းတစ်ကျောင်း၊ အစိုးရဖွင့်ထားသော အလယ်တန်းကျောင်းတစ်ကျောင်း၊ မြူနီစီပယ်အဖွဲ့က ဖွင့်ထားသော မြူနီစီပယ် မိန်းကလေးကျောင်းတစ်ကျောင်းတို့လည်း ရှိပြန်သေးသည်။ စည်ကားသိုက်မြိုက်သော ဈေးလည်းရှိသည်။ အစားအသောက်ပေါသည်။ အဝတ်အထည်မှာလည်း လက်ဖြစ်ဖြစ်သည်။ အနေအထိုင်မှာ ပဲခူးရိုးမ တောင်စွယ်မှ အလျှံပယ်ရသည်။ ကျန်းမာရေး

mgyoe.com

mgyoe.com


အတွက် မပူရ၊ ဆရာဝန်ရှိသည်။ ရှစ်မိုင်အဝေးတွင် ဆရာဝန်ကြီးရှိသည်။ ပို၍ အရေးကြီးလျှင် ညကိုးနာရီထွက်လာပါက ရန်ကုန်ဆေးရုံကြီးသို့ နံနက်ငါးနာရီရောက်အောင် ကားရော မီးရထားပါ ရနိုင်သည်။ ပညာရေးအတွက်ကား ဆိုခဲ့သည့်အတိုင်း အစိုးရကျောင်း သုံးကျောင်းရှိသည်။ ဘုန်းတော်ကြီးကျောင်းများကို ထည့်၍မတွက်သေး။

သို့ဖြစ်ရာ ကျွန်တော်တို့မြို့ကလေးသည် အစစအရာရာ၌ ဖူလုံပြည့်စုံသော မြို့ကလေးဖြစ်သည်ဟု ရဲရဲတင်းတင်း ဆိုဝံ့ပါ၏။

ဤကဲ့သို့ စား၊ ဝတ်၊ နေစရာ၊ ပညာ၊ ကျန်းမာဟူသော လူတို့၏ လိုလားချက်ငါးချက်နှင့် ကံအားလျော်စွာ ပြည့်စုံ၍ နေသော ကျွန်တော်တို့မြို့ကလေး၌ ရင်နာစရာကောင်းသော အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပါသည်ဟုဆိုလျှင် ယုံကောင်းမှ ယုံကြပေမည်။ သို့သော် ရင်နာစရာကောင်းသော အဖြစ်အပျက်ဟူသည် သြကာသလောကတစ်ခွင်လုံး၌ နေရာမရွေး အမြဲတစေ ဖြစ်ပျက်တတ်စမြဲရှိရာ ပတ်ဝန်းကျင် အခြေအနေကောင်းမွန်လှသော ကျွန်တော်တို့၏ မြို့ကလေးတွင် ရေးသားဖော်ပြရမည့် အဖြစ်သည် တစ်မြို့လုံး ယူကျုံးမရလောက်အောင်ပင် ပေါ်ပေါက်ခဲ့ရဖူးပါ၏။

*

"ကိုင်း... တော်လောက်ပြီထင်တယ် မောင်ချို... ရက်ကလည်း ကျောင်းဖွင့်စရက်ပဲရှိသေးတယ်ကွာ... ဒီကနေ့တော့... မင်းတို့ အတန်းမှာ သင်ရတဲ့ ဘာသာရပ်တွေရဲ့ အကျယ်အဝန်းကို သိရရုံလောက်နဲ့ ကျေနပ်ပေဦးတော့ ဟုတ်လား၊ နောက်တော့မှ အသေးစိတ်သွားကြတာပေါ့"

ဆရာညွှာက ဤကဲ့သို့ ပြောလိုက်သောအခါတွင် သူ့တပည့် မောင်ချိုသည် ဆရာညွှာကို လေးစားရိုသေသော မျက်လုံးများဖြင့် ကြည့်ရာက...

"ကောင်းပါပြီ ဆရာ... ကျွန်တော် ပြန်ပါတော့မယ်..." ဟု ပြောပြီးနောက် သူ့စာအုပ်များကို လွယ်အိတ်ထဲသို့ထည့်သွင်း၍ နေ၏။

"အေး... အေး... ပြန်ပေတော့... လမ်းမီးတွေလည်းရှိ၊ လ,ကလေးကလည်းသာ... မင်းဘာမှ ကြောက်စရာမလိုပါဘူးကွာ... ဒါပေမဲ့... စက်ဘီးကိုတော့ မှန်မှန်နင်းသွားနော်..."

ဆရာညွှာက ထပ်၍မှာကြားနေပြန်၏။

"ဟုတ်ကဲ့ဆရာ... ကျွန်တော့် စက်ဘီးမှာ မီးလည်းပါပါတယ်၊ ပြီးတော့ သိပ်ပြီး

mgyoe.com

mgyoe.com


ဝေးတာမှ မဟုတ်ဘဲဆရာ..."

မောင်ချိုပြောသည့် အတိုင်းပင်မှန်သည်၊ ဆရာညွှာနေသော အိမ်နှင့် မောင်ချိုတို့အိမ်မှာ နှစ်ဖာလုံလောက်သာဝေးလေသည်။ လမ်းတစ်လျှောက်တွင်လည်း လမ်းထောင့်လက်ဖက်ရည်ဆိုင်၊ ဆေးရုံ၊ ဗိုလ်တဲ၊ ဂါတ်တန်းလျား၊ ရုပ်ရှင်ရုံ၊ ညဈေး စသည်တို့သည် စီတန်း၍နေလေရာ မောင်ချို၏ အိမ်ပြန်လမ်းမှာ ဘာမျှ ကြောက်စရာမရှိ၊ မီးထိန်ထိန်လင်း၍နေသည်။ လူသွားလူလာ မပြတ်လှ၊ သို့သော် ဆရာတို့၏ ဝတ္တရားအတိုင်း လာမည့်ဘေးကို ကာဆီးရမည့်အတိုင်း ဆရာညွှာက ဆုံးမ၍နေခြင်းသာ ဖြစ်လေ၏။

"ကိုင်း ညီမလေးရေ… မောင်ချိုကို လှေကားအဆင်းမှာ မီးခွက်လိုက်ပြလိုက်ပါ။ ဒီလှေကားအတက်အဆင်းကိုလည်း ဓာတ်မီးတစ်လုံးတော့ အိမ့်ရှင်ကို အဆင်ခိုင်းဦးမှပဲ"

ဆရာညွှာက ဤသို့ပြောလိုက်သောအခါ၌ ဆရာညွှာ၏ နှမငယ်ဖြစ်သူ မခင်တင့်သည် သူ့အခန်းထဲတွင် အလုပ်များနေရာက "ဟုတ်ကဲ့ အစ်ကိုကြီး" ဟုဆိုကာ ရေနံဆီမီးခွက်ကလေး တစ်ခွက်ကို ထွန်းညှိ၍ မောင်ချိုအား အိမ်ပေါ်ထပ်မှ အောက်ထပ်လှေကားအဆင်းအထိ မီးတိုင်ခွက်ကိုင်ကာ လိုက်၍လမ်းပြပေးသည်။ မောင်ချိုလည်း အောက်ထပ်မြေပြင်သို့ ရောက်သောအခါ၌ "သွားတော့မယ် မမတင့်" ဟု နှုတ်ဆက်ကာ တိုင်တစ်တိုင်တွင်မှီထားသော သူ့စက်ဘီးကိုယူ၍ ထွက်သွား၏။ မခင်တင့်လည်း ဝင်းအဝအထိ မီးတိုင်ခွက်ကိုပြကာ လိုက်ပို့သည်။ မောင်ချို လမ်းမပေါ်သို့ ရောက်၍ စက်ဘီးကို မီးခွက်ထွန်းကာ ထွက်သွားမှ မခင်တင့်သည် ဝင်းတံခါးကိုပိတ်ကာ အိမ်ပေါ်ထပ်သို့ ပြန်တက်လာခဲ့လေသည်။

မခင်တင့်သည် လှေကားအံ့ဖုံးကိုချ၍ ကလန့်ထိုးကာ ပိတ်လိုက်ပြီးနောက် ဘေး၌ ချထားသော ရေနံဆီမီးခွက်ကို ဖူးခနဲမှုတ်၍ ငြိမ်းသတ်လိုက်သည်။

"မောင်ချို ကောင်းကောင်းမွန်မွန် ပြန်သွားပြီလား ညီမလေး…"

ဆေးတံတွင် ဆေးသိပ်ရင်း ဆရာညွှာက မေးလိုက်၏။

"ဟုတ်ကဲ့… အစ်ကိုကြီး… ပြန်သွားပါပြီ…"

"အေး… ဒါတောင်မှ… မောင်ချို ရုပ်ရှင်ရုံဘက်များ ဝင်နေဦးမလား မသိဘူး…"

မခင်တင့်သည် သူ့အစ်ကိုအနီးတွင်သွား၍ ကျုံ့ကျုံ့ကလေးထိုင်ရာက "အစ်ကိုကြီးကလည်းလေ… မောင်ချိုကို ဒါလောက် စိုးရိမ်မနေပါနဲ့။ အခုပဲ ဆယ့်ငါးနှစ်သားရှိနေပြီ။ သူ့ကိုယ်သူ ထိန်းနိုင်တဲ့အရွယ်ပါ အစ်ကိုကြီးရဲ့" ဟု ပြုံး၍ဆိုလိုက်၏။

ဆေးတံကို ညှိနေသော ဆရာညွှာက တစ်ဖွာနှစ်ဖွာ ဖွာလိုက်ရင်း မီးခြစ်ကို

mgyoe.com

mgyoe.com


ချထားလိုက်ရာက "စိုးရိမ်တာကတော့ တခြားမဟုတ်ပါဘူး ညီမလေးရယ်... မောင်ချို ဟာ ရုပ်ရည်ကြန်အင်နဲ့လည်း ပြည့်စုံတယ်... မိဘကလည်း ချမ်းသာတယ်... ပညာ လည်းကောင်းတယ်၊ တကယ့် အညွန့်တလူလူနဲ့ ယောကျ်ားကလေးတစ်ယောက်။ တကယ့် လူ့အဖိုးတန်ဖြစ်မယ့် ကလေးကွဲ့... ဒီတော့ကာ လေ့ပြေးတုန်း တက်ကျိုးမဖြစ် စေချင်ဘူး... ဒါ့ကြောင့် အစ်ကိုကြီး သူ့ကို ဒါလောက်ထိန်းကျောင်းနေတာ... ပြီးတော့ အစ်ကိုကြီးတို့အပေါ်မှာ သူ့မိဘတွေရဲ့ ကျေးဇူးကလည်း ရှိထားတယ် မဟုတ်လား... ကျေးဇူးရှင်ရဲ့သားဆိုတော့ ကိုယ်ကလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ စောင့်ရှောက်ဖို့ တာဝန်ရှိတယ်လေ..." ဟု စိမ်ပြေနပြေပြော၍ နေပြန်လေသည်။

မှန်၏။ ဆရာညွှာတို့ မောင်နှမနှစ်ယောက် အပေါ်၌ တပည့်မောင်ချို၏ မိဘ များက ကျေးဇူးရှိပေသည်။ ဆရာညွှာမှာ အထက်မြန်မာပြည် မြို့တစ်မြို့မှဖြစ်သည်။ ဆရာဖြစ်သင်ကျောင်းမှ ဆရာဖြစ် လက်မှတ်ရခဲ့ပြီးနောက် မောင်ချိုတို့မြို့က အစိုးရ အလယ်တန်းကျောင်းသို့ ဆရာအဖြစ်နှင့် ရောက်လာခဲ့သည်။ ဆရာညွှာတို့ မောင်နှမ မှာ ငယ်စဉ်ကပင် မိဘများသေဆုံးသွားသဖြင့် ဆွေမျိုးညာတိများ၏ အထောက်အပံ့ ဖြင့် နေခဲ့ရသည်။ ဆရာညွှာ ကျောင်းဆရာ ဖြစ်လာသောအခါ၌ ကျွန်တော်တို့ မြို့ကလေးက အစိုးရအလယ်တန်းကျောင်းတွင်လည်း ဆရာလို၍နေခိုက်ဖြစ်သဖြင့် အစိုးရကပို့လိုက်၍ မောင်နှမနှစ်ယောက်သား ရောက်လာကြခြင်းဖြစ်သည်။ လက်ဦးက ဆရာညွှာတို့ မောင်နှမမှာ မြို့နှင့်စိမ်း၍နေကြရာ မောင်ချို၏ မိဘများက ကြားမိတ်ဆွေတစ်ဦး၏ မိတ်ဆက်ပေးချက်အရ ပထမဆုံးဖြစ်ရသော မိတ်ဆွေ မြို့ခံ များအနေနှင့် နေထိုင်ရန်အိမ် ငှားပေးခြင်း၊ မြို့ပေါ်ရှိ သိသင့်သိထိုက်သူများနှင့် မိတ်ဖွဲ့ ပေးခြင်းမှအစ ကူဖော်လောင်ဖက် မိန်းကလေးတစ်ဦးကို ရှာပေးခြင်းအထိ အစစ အရာရာတွင် ကူညီစောင့်ရှောက်ခဲ့ကြသည်။ သို့ဖြစ်၍ ဆရာညွှာတို့ မောင်နှမ နှစ်ယောက်တို့သည် မောင်ချို၏ မိဘများအပေါ်၌ ကျေးဇူးတင်၍မဆုံး ဖြစ်ခဲ့ရသည်။ ထို့ကြောင့်ပင် ဆရာညွှာ၏ တပည့်ကျောင်းသားဖြစ်သူ မောင်ချိုကို ဆရာညွှာက သူ့မိဘ၏ ကျေးဇူးကို တုံ့ပြန်သည့်အနေဖြင့် ပို၍ဂရုစိုက်သည်။ မောင်ချို၏ မိဘများ လိုလားချက်အရ မောင်ချိုကို ညဉ့်ဦးပိုင်းတွင် မိမိအိမ်၌လာ၍လာ၍ စာကြည့်စေသည်။ တစ်ဖန် မောင်ချိုကိုယ်တိုင်ကလည်း ပညာကြိုးစားသူဖြစ်သည်။ ဆရာညွှာက မောင်ချို၏ အကဲအလေးကို ခတ်မိသောအခါ၌ "ဒီမှာမောင်ချို ဆရာပြောမယ်... မင်းဟာ ဒီနှစ် စာမေးပွဲကို ရိုးရိုးမအောင်ရဘူး... စကောလားရှစ်နဲ့ အောင်ရမယ်... မင်းမိဘတွေဟာ

mgyoe.com

mgyoe.com


ရက်ကန်းရုံကြီးတွေနဲ့ ပိုးထည် ကြီးကြီးကျယ်ကျယ်လုပ်နေလို့ ချမ်းသာမှန်း ဆရာသိတယ်။ အစိုးရကပေးတဲ့ စကောလားရှစ်ပညာတော်ဆုဟာ တစ်လမှ ၁၅ ရယ်မင်းတို့အဖို့မှာ အရေးမကြီးဘူး။ ဒါပေမဲ့ ဆရာ့တပည့်ကို တကယ့် လူကျော်လူမော်ဖြစ်စေချင်တယ်ကွယ်... စကောလားရှစ် အောင်ရအောင် ကြိုးစားပါမောင်ချို။ စကောလားရှစ်ရတယ်ဆိုရင် မိဘတွေရော... ဆရာတို့ရော ဂုဏ်ယူရမယ်... ပြီးတော့ အရေးကြီးတဲ့ အချက်တစ်ချက် ရှိသေးတယ်... အဲဒါကတော့ အခု ဆရာတို့ကျောင်းဟာ အလယ်တန်းကျောင်းနော်... တို့ကျောင်းက ခုနစ်တန်းအောင်သွားတဲ့လူတွေဟာ ရှစ်မိုင်ဝေးတဲ့ ခရိုင်မြို့ကြီးက အထက်တန်းကျောင်းမှာ သွားနေရတယ်... ခရီးက မနီးမဝေးပဲ။ ဒါပေမဲ့ နေ့တိုင်း သွားရပြန်ရ ခရီးက ကရိကထများတယ်။ တချို့ဘော်ဒါပို့လိုက်တော့လည်း အပေါင်းအသင်းစုံပြီးတော့ ပျက်စီးကြတယ်... ဒါကြောင့်တို့...အခု ကျောင်းကော်မတီတစ်ခုဖွဲ့ပြီး အစိုးရဆီကို စာတင်ခဲ့တယ်... ကိစ္စကတော့ တို့ကျောင်းကို အလယ်တန်းကျောင်းကနေပြီးတော့ ဆယ်တန်းကျောင်းဖြစ်အောင် တိုးမြှင့်ပေးဖို့ပဲ၊ ဒီတော့ကာ အစိုးရပညာရေးဌာနက အကြံပေးတယ်။ ဒီနှစ် ခုနစ်တန်းအောင်တဲ့ကျောင်းသား ဆယ့်ငါးယောက်ရှိရင် နောင်နှစ်မှာ ရှစ်တန်းဖွင့်ခွင့်ပေးမတဲ့... အတန်းတိုးရင် ရှစ်တန်းဆရာအတွက် လခကို ကျောင်းသားမိဘက စုပေးရမယ်... ကျောင်းခန်းနဲ့ပတ်သက်တဲ့ စရိတ်တွေကိုတော့ အစိုးရက ခံမယ်လို့ဆိုတယ်... နောက်တစ်ခါ ရှစ်တန်းကျောင်းသား တစ်ဆယ့်ငါးယောက်အနက် ဆယ်ယောက်အောင်ရင် ကိုးတန်းဖွင့်မယ်၊ ပြီးတော့ နောက်တစ်နှစ်မှာ ဆယ်တန်းကျောင်းသား ဆယ်ယောက်ရှိရင် ဆယ်တန်းဖွင့်ပေးမယ်။ အဲဒါကလည်း မျှော်လင့်ချက်ရှိတယ်။ တခြားမြို့ကြီးတွေမှာ တို့ဆီက အတန်းမရှိသေးလို့ ကိုးတန်း၊ ဆယ်တန်း ဘော်ဒါသွားနေကြတဲ့ တို့မြို့က ကျောင်းသွားနေရတဲ့ ကျောင်းသားသုံးဆယ်လောက်ရှိတယ်... မိဘတွေကလည်း ကိုယ့်မြို့မှာ အတန်းမရှိလို့သာ တခြားမြို့မှာ သွားထားရတာ။ အဲဒီမိဘတွေကလည်း တို့ကျောင်းမှာသာ ဆယ်တန်းအထိရှိရင် ပြန်ထားချင်ကြတယ်... ဒါမှ မိဘမျက်စိအောက်မှာ ရင်အုပ်မကွာ ရှိမှာကိုးကွဲ့။ ဒီတော့ကာ တို့ကျောင်းဆရာတွေဟာ အခုနှစ်၊ အဲနောက်နှစ် ခုနစ်တန်းစာမေးပွဲမှာ တို့ကျောင်းက ကျောင်းသားအနည်းဆုံး သုံးယောက်လောက် စကောလားရှစ် ရစေချင်တယ်။ ရရင် တို့ကျောင်းဟာ အလယ်တန်းကျောင်းကနေပြီး ရှစ်တန်းကျောင်းဖြစ်မယ်။ သုံးနှစ်ကြာပြီးရင် အထက်တန်းကျောင်းဖြစ်သွားမယ်။ အဲဒီလိုအစိုးရနဲ့ ကျောင်းသားမိဘတွေရဲ့ စရိတ်ကိုမျှပြီး ခံရမှာက

mgyoe.com

သုံးနှစ်ကြာမယ်... သုံးနှစ်ထိအောင် ဆယ်တန်းကျောင်း တည်တံ့ခိုင်မြဲရင် စာသင်တဲ့ တပည့်တွေက အအောင်များရင် အစိုးရက ရှေ့ဆက်ပြီးတော့ တို့ကျောင်းကို လုံးဝ စရိတ်ခံပြီး တာဝန်ယူသွားလိမ့်မယ်။ မိဘတွေက ကျောင်းဆရာတွေရဲ့လခကို မပေးရ တော့ဘူး။ အစိုးရကျောင်းဖြစ်ပြီး အစိုးရချည်း ပေးလိမ့်မယ်။ ဒီတော့ကာ မင်းတို့မြို့မှာ အထက်တန်းကျောင်းဖြစ်ဖို့ အထက်တန်းကျောင်းရှိတဲ့ မြို့ဆိုတော့ မြို့ရဲ့ဂုဏ်မတက်ပါ လား။ တစ်ခါ မင်းကို ကိုယ့်မြို့ကိုယ့်ရွာက မခွဲမခွာဘဲ ဆယ်တန်းသင်နိုင်ဖို့... အဲဒါက လည်း မင်းတို့အဖို့မှာ မိဘနဲ့ အဖျင်းဆုံး သုံးနှစ်တူတူနေရမယ်... သူများမြို့မှာ မျက်စိသူငယ်နဲ့ ဘော်ဒါမနေရတော့ဘူး။ နောက်တစ်ခါ မိဘတွေမှာလည်း အင်မတန် စိတ်လှုပ်ရှားတဲ့ ၁၂ နှစ်က ၁၆ နှစ်အကြားအရွယ် သားသမီးတွေကို မိဘနဲ့ခွဲပြီး မထားရတော့ဘူး။ လိမ္မာရေးခြားရှိဖို့ကိစ္စ အပထားကွယ်၊ ဖျားရေး၊ နာရေးကအစ မိဘမျက်စိအောက်မှာဆိုတော့ စိတ်လည်း မပူရဘူးပေါ့... ဘော်ဒါကျောင်းကို လိုက်ရ ပြုရနဲ့ ဒုက္ခလည်း မများတော့ဘူး... စရိတ်လည်း မကုန်တော့ဘူး... အဲဒီအဲဒီအချက် တွေကြောင့် အဘက်ဘက်ကကြည့်ရင် ဒီနှစ်မင်းတို့ ခုနစ်တန်းအောင်မယ့် ကျောင်းသား တွေဟာ အင်မတန်အရေးကြီးတယ်... မင်းတို့တစ်တွေ စကောလားရှစ်ရမှ အကုန်လိုလို စာမေးပွဲအောင်ကြမှ... တို့ကျောင်းဟာ ဆယ်တန်းကျောင်း ဖြစ်လာနိုင်မယ်... ဆယ်တန်းကျောင်း အတည်ဖြစ်သွားအောင် ကြိုးစားခဲ့ကြတဲ့ မင်းတို့တစ်တွေကို နောက် ခေတ်တွေမှာ မြို့က အမြဲအသိအမှတ်ပြုထားကြရလိမ့်မယ်... ဒီအကြောင်းကြောင်း တွေကို ထောက်ထားပြီးတော့ မောင်ချို ဆယ်တန်းအတွက်ချိန်ပြီး... ဒီနှစ်ကစပြီး စာကြိုးစားပါ... ဆယ်တန်းအောင်လို့ စကောလားရှစ်ရတယ်ဆိုရင် ကျောင်းဂုဏ်တက် တာကို အသာထားဦး မင်းကိုယ်တိုင်ရော မင်းမိဘရော မြို့ရော အားလုံးဂုဏ်ယူစရာ ဖြစ်ကြလိမ့်မယ်..." အစရှိသဖြင့် စကားစပ်မိတိုင်းပင် အားပေးခဲ့သည်။ မောင်ချို ကိုယ်တိုင်ကလည်း ကြိုးစားသူတစ်ဦးဖြစ်သောကြောင့် ပထမ အစမ်းစာမေးပွဲ စစ်သော အခါတွင် မောင်ချိုသည် အတန်းထဲတွင် အမှတ်များစွာဖြင့် ပထမရလေတော့သည်။

"ကျွန်တော် ပထမရတယ် ဆရာ... သိပ်ဝမ်းသာတာပဲ။ အခုပဲ ကျောင်းမှာ အစမ်းစာမေးပွဲအမှတ်တွေကို ကျွန်တော် သွားကြည့်လာခဲ့တယ်"

မောင်ချိုသည် ဆရာညွှာကို အားရပါးရ ပြောလိုက်၏။ ရက်များမှာ သီတင်း ကျွတ်မို့ ကျောင်းပိတ်ထားသောရက် ဖြစ်သဖြင့် မောင်ချိုသည် ဆရာညွှာ၏ထံသို့ မရောက်သည်မှာ သီတင်းတစ်ပတ်ခန့် ရှိ၍သွားပြီဖြစ်သည်။ ဆရာညွှာကလည်း

mgyoe.com

mgyee.com

သီတင်းကျွတ် ကျောင်းပိတ်ရက်ဖြစ်သဖြင့် မောင်ချို့အား...

"ပထမအစမ်း စာမေးပွဲလည်းပြီးပြီ၊ သီတင်းကျွတ် ကျောင်းပိတ်ရက်လည်းစပြီ မောင်ချို... ပြီးတော့... စာမေးပွဲအတွက် မင်းစာကြိုးစားထားတာကလည်း မင်း နည်းနည်းပန်းပြီး နေရောမယ်။ ဒီတော့ကာ ဆရာ့အိမ်ကို မင်း ညညစာကြည့်လာတာ ကို ခဏနားထားလိုက်ဦး၊ ကျောင်းသားဆိုပေမဲ့ စာအုပ်နဲ့မျက်နှာချည်း အချိန်မရွေး ကပ်နေတာဟာ လမ်းမမှန်ဘူး။ မျက်စိလည်း အားနည်းတတ်တယ်... စိတ်ကလည်း ဟုန်သွားတတ်တယ်... ဆရာ တစ်ခါက ကျောင်းသားတစ်ယောက် တွေ့ဖူးတယ်။ အလွန်စာဖတ်တယ်။ ဒါပေမဲ့ မထူးချွန်ဘူး... ဘာပြုလို့လဲဆိုတော့ သူ့စိတ်ဟာ ဟုန်ပြီး တော့နေလို့ပဲ... ကျောင်းသားဆိုတာ စိတ်ရောကိုယ်ပါ ကျန်းမာရွှင်လန်းနေမှ ထက် မြက်တာကွဲ့..." အစရှိသည်ဖြင့် ပြောဆိုဆုံးမကာ မောင်ချို့အား အနားပေးထားခဲ့သည်။ ထို့ကြောင့်ပင် မောင်ချိုသည် ဆရာညွှာ၏အိမ်သို့ မရောက်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ပထမအစမ်း စာမေးပွဲအမှတ်စာရင်းများ ထွက်၍လာပြီးလျှင် မိမိ ပထမရကြောင်းကို သိရသောအခါတွင်မူကား မောင်ချိုသည် ဝမ်းသာလွန်းသဖြင့် ရှေးဦးစွာ မိဘများကို ပြေး၍ပြောသည်။ ပြီးလျှင် သူ့ကျေးဇူးရှင်ဆရာညွှာထံသို့ ပြေးလာခဲ့ခြင်းဖြစ်လေသည်။

"အေးကွယ်... ဆရာလည်း မောင်ချို ပထမရတာကို ခပ်စောစောကတည်းက အမှတ်စာရင်းတွေပေါင်းရင်း သိထားပြီး ဝမ်းသာခဲ့ရတယ်... ဒါပေမဲ့ မောင်ချိုကိုယ်တိုင် အမှတ်စာရင်းကို ကျောင်းကိုသွားကြည့်ပြီးမှသိရင် ပိုပြီးတော့ ဝမ်းသာသွားမှာမို့ ဆရာ ကြိုတင်ပြီးတော့ မပြောခဲ့တာပါ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ် မောင်ချို... ဒါဟာ အစမ်းစာမေးပွဲပဲရှိသေးတယ်... စာမေးပွဲကြီး မဟုတ်သေးဘူး။ ဒီတော့ကာ ဒုတိယ အစမ်း စာမေးပွဲမှာ ပထမရအောင် ကြိုးစားရမယ်။ အတန်းတင် စာမေးပွဲကြီးကျရင် လည်း မောင်ချို ပထမရအောင် ကြိုးစားရဦးမယ်။ ဒါကြောင့်မို့ ဆရာပြောချင်တာ ကတော့... မောင်ချို့အခု မီးထွန်းပွဲပြီးရင် တစ်ရက်နားပြီးတော့ ကျောင်းပြန်မဖွင့်သေး ပေမယ့် ကျောင်းလက်ဦးဖွင့်စကတည်းက ပထမအစမ်း စာမေးပွဲဖြေတဲ့အထိ ဆရာတို့ သင်ပေးထားခဲ့တဲ့ သင်ခန်းစာတွေကို အားလုံးပြန်ပြီးတော့ ရီဗီးရှင်းပြန်ပြီး လုပ်ရမယ်။ အဲဒီအခါကျတော့မှ ကျောင်းပြန်တက်ပြီး ဆက်သင်ရတဲ့ သင်ခန်းစာတွေနဲ့ အဆက်ရ သွားလိမ့်မယ်... နောက်ခံဘက်ဂရောင်း အခြေခံရသွားတယ်ဆိုပါတော့ကွယ်... အဲဒီ နည်းအတိုင်းဆိုရင် ရီဗီရှင်းဟာ သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ တစ်ကြိမ်၊ ပြီးတော့ ဒီဇင်ဘာကျောင်းပိတ်ရက်မှာ တစ်ကြိမ်... နောက်တစ်ခါ ပရိုက်ဗိတ် စတာဒီ စာကျက်ဖို့

mgyee.com

သက်သက်ရက်ပေးတဲ့အခါမှာ တစ်ကြိမ်... သုံးကြိမ်တိုင်တိုင် ပြန်လှေ့လာပြီးသား ဖြစ်သွားလိမ့်မယ်... နောက်တစ်ခါ ကျောင်းစာသင်ခန်းထဲမှာ ဆရာက စာသင်နေတုန်း တစ်ကြိမ်... အဲဒီနေ့ည... သို့မဟုတ် နောက်တစ်နေ့ မနက်မှာ တစ်ကြိမ်... ပြန်ဖတ်တာနဲ့ဆိုရင် ငါးကြိမ်ဖတ်ပြီးသားဖြစ်သွားနိုင်တယ်... တကယ်လို့ အချိန်ရရင် သင်ခဲ့ပြီးသော တစ်နေ့စာအတွက်သာမဟုတ်ဘဲ... နောက်တစ်နေ့သင်ရမယ့် သင်ခန်းစာကိုပါ နားလည်တန်သမျှ နားလည်အောင် ဒစ်ရှင်နာရီကို အကူအညီယူပေါ့... အဲဒီလိုကြိုတင်ပြီး ဖတ်ထားရင် အတန်းဆရာ သင်တဲ့အခါကျတော့ ကိုယ်ခံရှိနေပြီး ဆရာ့ဆီက သင်ပေးတာနဲ့ ပေါင်းလိုက်တော့ ကျေကျေလည်လည် နားလည်သွားရတာပေါ့ကွယ်... နောက်တစ်နေ့ မရောက်ခင်မှာ တစ်ကြိမ် ထပ်ဖတ်လိုက်ပြန်တော့ ကျေသထက်ကျေ သွားတယ်။ ဒီစာကျက်နည်းဟာ မပင်ပန်းဘဲနဲ့ စာမေးပွဲအောင်ဖို့ သေချာတဲ့နည်းပဲကွဲ့။ အေးကွယ်... ခုနက ဆရာပြောခဲ့သလို တို့ကျောင်း တည်တံ့ရေးနဲ့ မြို့ရဲ့ဂုဏ်ကျက်သရေ တိုးတက်ရေးအတွက် မောင်ချို ကြိုးစားစေချင်သကွယ်..."

ဆရာညွှာသည် သူ၏ လက်ရွေးစင် တပည့်တစ်ဦးဖြစ်သူ မောင်ချိုအား စိတ်ရှည်လက်ရှည် ပြောပြ၍နေလေ၏။ မောင်ချိုမှာ ဆရာကောင်းတပည့် တစ်ဦးဖြစ်သည့်အတိုင်း ဆရာ့တပည့်ကောင်းတစ်ဦးဖြစ်အောင် ကြိုးစားရန် အားတက်သည်ထက် တက်၍လာမိတော့သည်။ သို့သော် မောင်ချို၏ မျှော်မှန်းချက်မှာ ကျွန်တော်တို့၏ မြို့ကလေးမှ ရုပ်ရှင်ရုံပိုင်ရှင်တစ်ဦးက ဇာတ်ထောင်လိုက်သောအခါတွင် တဖြည်းဖြည်း ပွန်းရိကာ မောင်ချိုတစ်ယောက်သာမက ဆရာညွှာ၏ဘဝကိုပင် ဇောက်ထိုးပြောင်းပြန် ဖြစ်၍သွားအောင် ဖန်တီးလိုက်လေတော့သည်။ ဆရာညွှာနှင့်မောင်ချိုတို့၏ အကြောင်းကို ရေးသားရာ၌ အားလုံးသော အကြောင်းအရာတို့သည် ကျွန်တော်တို့ကိုယ်တိုင် တွေ့ရကြားရသည်ကား မဟုတ်။ ကြားလူများမှတစ်ဆင့် ကြားရသော အကြောင်း အချက်များကိုလည်း ထည့်သွင်းဖော်ပြ ရေးသားရပေမည်။ ဆရာညွှာနှင့် မောင်ချိုတို့၏ ရင်တွင်းခံစားချက်များကိုကား အနီးစပ်ဆုံးဖြစ်အောင် မှန်းဆ၍ ရေးသားရမည် ဖြစ်ပေသည်။ သို့ရာတွင် စိန်မြကျင်၏ ပြောစကားများနှင့် အတွေးအခေါ်များကိုကား ကျွန်တော် ရေးသားရာ၌ တစ်ဆင့်စကားနှင့် မှန်းဆချက်များအဖြစ်သာ ပါဝင်မည် ဖြစ်လေရာ၊ "မိန်းမကဲခတ်–လွန်ခဲတတ်၏" ဟူသော စကားကို ထောက်ထား၍ စာရေးသူကျွန်တော့်အား ခွင့်လွှတ်စရာရှိပါက ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

*

mgyoe.com

mgyoe.com


စိန်မြကျင်တို့လူသိုက် ကျွန်တော်နေသော အိမ်နှင့် တစ်အိမ်ခြားသို့ ပြောင်းလာသည်မှာကား မိုးဖြိုင်ဖြိုင်ရွာ၍နေပြီဖြစ်သော ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဆိုသည့် အချိန်လောက်၌ ဖြစ်သည်။ ကျွန်တော်နေသောအိမ်နှင့် တစ်အိမ်ခြားတွင် အိမ်လွတ်တစ်လုံးရှိသည်။ ကျွန်တော်တို့အိမ်တန်းမှာ ရဲဌာန ဂါတ်တန်းလျားနှင့် မျက်နှာချင်းဆိုင်ဖြစ်နေသောကြောင့် ထိုအိမ်သည် တည်ဆောက်ပြီးစလောက်ကပင် တိုက်ပိုင်အင်စပိတ်တော်များ၊ တစ်ဦးပြောင်းသွားလျှင် အသစ်ရောက်သူက တစ်ယောက်ဆင်း၊ တစ်ယောက်တက်ဆိုသလို ဆက်လက်နေထိုင်ခဲ့သော အိမ်ဖြစ်သည်။ အစိုးရပိုင်အိမ် မဟုတ်သော်လည်း ထိုအိမ်ကို 'တိုက်ပိုင်အိမ်' ဟု အသိအမှတ် ပြုထားရသည်အထိပင် ဖြစ်ခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီထင်သည်။ သို့သော် ဤအဖြစ်အပျက်များ ဖြစ်ပေါ်လာအောင် ဖန်တီးသည့်ပမာ ကောလိပ်ကျောင်းထွက် တိုက်ပိုင်တစ်ဦး အသစ်ရောက်လာသောအခါ၌ ထိုတိုက်ပိုင်သည် ရောက်စလက်ဦးတွင် ဗိုလ်တဲ၌နေသည်။ တိုက်ပိုင်တိုင်းနေစမြဲဖြစ်သော ကျွန်တော်တို့လမ်းထဲကအိမ်ကို အိုမင်းသည် ခေတ်မမီဟု ယူဆသည်။ ပြီးလျှင် ကျောချင်းကပ်လမ်းရှိ နှစ်ထပ်အိမ်အသစ်ကို ငှား၍နေသည်။ လက်ဦးအိမ်မှာ ဟောင်းသော်လည်း ဂါတ်တန်းလျားကို လမ်းပေါ်မှကျော်ကြည့်လျှင် မြင်နိုင်သည်။ ထို့ကြောင့် ဂါတ်တဲ၌ အကြောင်းကိစ္စရှိပါက တိုက်ပိုင်သည် လှမ်း၍လည်း ကြည့်နိုင်သည်။ လှမ်း၍လည်း ကြားနိုင်သည်။ အရေးကြီးလျှင်လည်း အမြန်ဆုံးလည်း သွားရောက်နိုင်သည်။ နောက်ရောက်လာသူ တိုက်ပိုင်က ထိုအိမ်ကိုမကြိုက်၍ မနေတော့သောအခါတွင် ၎င်းအိမ်မှာ အိမ်လွတ်ဖြစ်နေရာ မိုးဦးကျလာသောအခါ၌ အိမ်ရှင်က အိမ်ကို အလွတ်မထားနိုင်သည့်အလျောက် အိမ်ငှားမည့်သူကို ရှာသည်။ ရမည့်ရတော့ ဇာတ်နားချိန်၌ ဇာတ်ပိုင်ရှင်ထံ ပြန်လာသော စိန်မြကျင်ပါသည့် သဘင်အဖွဲ့ ဖြစ်၍နေသည်။ လက်ဦးတွင် လူမများလှ၊ ဇာတ်အဖွဲ့ဝင်တချို့က သူတို့ဇာတိရပ်ရွာများကို ပြန်နေကြသောကြောင့်ဖြစ်သည်။ ဇာတ်ခေါင်းကွဲချိန်ဖြစ်၏။ တစ်လခန့်ကြာသောအခါကျမှ ဇာတ်အဖွဲ့သည် လူပြန်၍စုမိသည်။ ထိုအခါတွင်မူကား ကျွန်တော်တို့၏ လမ်းသည် စိုစိုပြည်ပြည် ဖြစ်၍လာသည်။ ဆိုင်းသံဗုံသံ တညံညံရှိသည်။ ဇာတ်သဘင်အဖွဲ့သည် မိုးကျွတ်လျှင် တပြည်လုံးလှည့်လည်ကပြရန် အသင့်ကြိုတင် ပြင်ဆင်နေသောကြောင့်ဖြစ်သည်။ မင်းသမီး၊ မင်းသား နှစ်ပါးသွားသီချင်းများ တိုက်သည်။ ယိမ်းသီချင်းများတိုက်၍ ကကွက်ကကြိုးများ စီးလားရိုက်ကြသည်။ အိမ်တွင်းနေအဝတ်အစားများနှင့် ယိမ်းသမများ မျက်နှာချေမပါဘဲ ယိမ်းကနေကြသည်ကို

mgyoe.com

mgyoe.com


ကျွန်တော်တို့လူသိုက်သည် ထိုအခါကျမှ ကျကျနန မြင်ဖူးကြရပေသည်။ ရယ်စရာလည်းကောင်းသည်။ စိတ်ဝင်စားစရာလည်း ကောင်းသည်။ ညဥ့်ဦးပိုင်းတွင် အပျင်းပြေစရာလည်း ဖြစ်သည်။

ဤကဲ့သို့သောလူစုထဲတွင် ကျွန်တော်တို့အပါဝင် မောင်ချိုလည်း ပါ၍နေပေသည်။ မောင်ချိုသည် မြို့အနောက်ပိုင်းတွင် နေသူဖြစ်သည်။ ဆရာညွှာ၏ အိမ်မှာကား မြို့၏အရှေ့ပိုင်းတွင်ရှိသည်။ မောင်ချိုသည် စာကြည့်ရန် သို့မဟုတ် စာမေးရန် ဆရာညွှာတို့အိမ်သို့ သွားရာ၌ ကျွန်တော်တို့အိမ်ရှေ့မှ လည်းကောင်း၊ စိန်မြကျင်တို့လာရောက်၍ ယာယီစခန်းချနေကြသော အိမ်ရှေ့မှလည်းကောင်း ဖြတ်သန်း၍ စက်ဘီးစီးသွားရသည်။ သူသွားသောအချိန်မှာ ညနေ ခြောက်နာရီခွဲလောက်တွင်ဖြစ်သည်။ ကိုးနာရီထိုးလောက်အထိ ဆရာညွှာ၏အိမ်တွင် စာကြည့်သည်။ ကိုးနာရီထိုးလျှင် ဆရာ့အိမ်မှ ပြန်စမြဲဖြစ်သည်။ ညကိုးနာရီဆိုသည်မှာ စိန်မြကျင်တို့ဇာတ်အဖွဲ့ဇာတ်တိုက် သီချင်းတိုက်၍ အရှိန်ကောင်းနေဆဲဖြစ်သည်။ ထိုအခါမျိုးတွင် ဆရာ့ရှေ့မှောက်၌ စာကြိုးစားရာက ပြန်၍လာသော မောင်ချိုသည် တစ်အောင့်တစ်နားဆိုသလိုကျွန်တော်တို့လူစုနဲ့တွဲကာ စိန်မြကျင်တို့သဘင်အဖွဲ့ ဇာတ်တိုက်နေသည်ကို သွား၍ကြည့်တတ်ကြသည်။ အိမ်နီးနားချင်းများဖြစ်၍ ကျွန်တော်တို့သည် ဇာတ်တိုက်သည့်အိမ်အလယ်ခန်းအထိ ဝင်၍ ကြည့်နိုင်ခွင့်ရကြသည်။ ဇာတ်ဆရာကလည်း ကျွန်တော်တို့မိသားစုနှင့် အမြဲတွေ့မြင်နေရသဖြင့် ခင်ခင်မင်မင်ပင်ရှိရာ ကျွန်တော်တို့ လူသိုက်သူတို့ဇာတ်တိုက်သည့်အခါ ယိမ်းတိုက်သည့်အခါများတွင် သွား၍ကြည့်သောအခါ၌မငြိုမငြင်ပင်ရှိသည်။ ထို့အပြင် ဇာတ်ဆရာမှာ ညနေပိုင်းသို့ရောက်လျှင် အရက်ကလေး တထွေထွေရှိတတ်လေရာ နှုတ်စအာစ ရွှင်ချိန်လည်းဖြစ်သည်။ ဇာတ်သဘင်ပညာသည်တို့၏ သဘာဝအတိုင်း ရောက်လေရာအရပ်တွင် လူချစ်လူခင်များအောင်နေတတ်သူဖြစ်သည့်အတိုင်း ကျွန်တော်တို့ မြို့ခံလူများအား ကာသာပေးလေ့ရှိသည်။ ထို့ကြောင့်ပင်လည်း မောင်ချိုသည် သူ မမျှော်လင့်သော၊ သူ့ဆရာ ဆရာညွှာ မမျှော်လင့်သော ထိုမှတစ်ပါး ကျွန်တော်တို့ကိုယ်တိုင် ဘယ်တုန်းကမှ မမျှော်လင့်သောအဖြစ်မျိုးနှင့် ကြုံရ၏။ သူတွင်သာမကသေး ဆရာညွှာကိုယ်တိုင်လည်း ကျွန်တော်တို့အိပ်မက်မျှပင် မမက်ဝံ့သော အဖြစ်မျိုးနှင့် ကြုံရရှာတော့သည်။ စင်စစ်အားဖြင့်ဆိုရပါလျှင် စိန်မြကျင်တို့ ဇာတ်အဖွဲ့ ကျွန်တော်တို့မြို့ကလေးသို့ ထိုနှစ်က ရောက်လာပြီး မိုးခိုနေခြင်းသည် တစ်မြို့လုံး ရင်နာစရာဖြစ်စေမည့် ဇာတ်လမ်းတစ်ခုကို လမ်းခင်း၍

mgyoe.com

mgyoe.com


ပေးလိုက်ခြင်းဖြစ်သည်ဟူ၍သာ ကျွန်တော် စာရေးသူက ဆိုလိုက်ချင်၏။ ဆိုမည်ဆို လျှင်လည်း ဆိုချင်စရာ ကောင်း၍နေပါတော့သည်။ အဘယ်ကြောင့်ဆိုသော်...

*

"သန်ဘက်ခါကျရင် ကျောင်းပြန်ဖွင့်တော့မယ်ကွ... မင်းစာအုပ်တွေ ဝယ်ပြီး ပြီလား... ဒေါ်လှရင်တို့တိုက်မှာ စာအုပ်တွေ ရောက်နေပြီကွ... Book List စာအုပ် စာရင်းလည်း ငါတော့ရထားပြီ..."

သူစီး၍လာသော စက်ဘီးပေါ်မှဆင်းကာ စက်ဘီးကို အိမ်ဝင်းဘေးရှိ ဘင်္ဂလား သရက်ပင်၌ မှီ၍ထောင်လိုက်ရင်း မောင်ချိုက ကျွန်တော့်အား မေးလိုက်ပါသည်။

"အေး... တချို့တစ်ဝက်တော့ ဝယ်ပြီးပြီကွ၊ ဒါပေမဲ့ မစုံသေးပါဘူး၊ ဒေါ်လှရင် တို့ဆိုင်မှာ အားလုံး မရောက်သေးဘူးကွ... တချို့စာအုပ်တွေက အိန္ဒိယကမှာရတာ သင်္ဘောနဲ့ပါလာမှာတဲ့ကွ..."

ကျွန်တော်က အိမ်ပေါ်တွင် ကဝိမျက်မှန် မဂ္ဂဇင်းကိုဖတ်နေရာက လှမ်းပြော လိုက်ရပါသည်။ ကဝိမျက်မှန်မဂ္ဂဇင်းထဲက 'တာတေ' ရေးသော စုန်းကဝေ တစ္ဆေ ဝတ္ထုများကို ကျွန်တော် အနှစ်သက်ဆုံးဖြစ်ခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ် ခန့်အခါက ဖြစ်ပါသည်။

မောင်ချိုနှင့် ကျွန်တော်တို့သည် တစ်တန်းသားတည်း ဖြစ်ကြလေရာ စာမေးပွဲ ကိုလည်း အတူတူ အောင်ခဲ့ကြသည်ဖြစ်သောကြောင့် ယခုကဲ့သို့ ကျောင်းသား အချင်းချင်း တိုင်ပင်နေကြခြင်းပါသည်။

"မင်း... အားသလား..."

မောင်ချိုက အိမ်ပေါ်သို့ တက်လာရင်းမေး၏။

"အားပါတယ်ကွ... ဒါကြောင့် မဂ္ဂဇင်းထိုင်ဖတ်နေတာပေါ့..."

"ဟာကွာ... မင်းကလည်း... ဝတ္ထုဖတ်တာကို ဆရာကမကြိုက်ဘူးကွ... ဝတ္ထု ဖတ်ရင် လူပျက်စီးတတ်တယ်တဲ့..."

ကျွန်တော်တို့ ခပ်ငယ်ငယ်ခေတ်ကဆိုလျှင် ကျောင်းသားအရွယ်၌ မဂ္ဂဇင်းဖတ် သည်ကို မိဘများရော ဆရာများကပါ မကြိုက်မနှစ်သက်ခဲ့ကြပါ... ဝတ္ထုထဲတွင် ပါသော ကောင်လေးနှင့် ကောင်မလေးချစ်ကြ၊ ကြိုက်ကြပုံတွေကို အတုခိုးမှာကို စိုးကြပါသည်။ အထူးသဖြင့် မိန်းကလေးတွေ ဝတ္ထုဖတ်လျှင် လူကြီးမိဘများက

mgyoe.com

အများဆုံး ပြိုင်ကြသည်။ ကျွန်တော်တို့ ငယ်ငယ်ကခေတ်မှာ မိန်းကလေး ဝတ္ထုဖတ်လျှင် ဝတ္ထုထဲက ကောင်မလေးတစ်ယောက်... ကောင်ကလေး တစ်ကောင်နှင့် ချာနာပါနာကွိတ်ကာ ဗဗေပိန်းဂိုကြသည်ကို အတုယူကာ မြန်မြန်ရည်းစားထားတတ်သည်ဟူသော အယူအဆများ စိုးမိုးလွှမ်းခြုံ၍နေခဲ့သော ခေတ်ဖြစ်ပါသည်။ ယခုလို 'ယုဝတီ' 'တိုင်းရင်းမေ' ခေတ်ကပြန်၍ နောက်ကြောင်းကို ကြည့်လိုက်ပါလျှင် ရယ်စရာကောင်း၍များပင် နေမည်လား မပြောတတ်ပါ။ မည်သို့ပင်ဖြစ်စေ... 'သူ့ခေတ်နှင့်သူ့အခါ' ဆိုသလို ကျွန်တော်တို့ ကျောင်းသားအရွယ်ခေတ်မှာ "အကြောင်းစကား သောင်းပတ္တမြားနှင့် ကျောင်းသားဖြစ်သူ မောင်ဘယ်သူက ချစ်နှမလေးထံ" အစချီသော ရည်းစားစာများကို ရေးသားခဲ့ရသောခေတ်သာ ဖြစ်လေရာ... မိဘများက ဝတ္ထုမင်္ဂဇင်းဖတ်လျှင် သေတော့မလောက် ဟိန်းဟောက်ကြသော ခေတ်ဖြစ်ပါ၏။ "တောကမိအေးဟာ ဝတ္ထုဖတ်ဖို့ဝေးရော ကကြီးခခွေးတောင်မှမတတ်ဘဲနဲ့ ဘာပြုလို့ စာရင်းငှား သာဝနဲ့ ခိုးရာလိုက်သွားတာလဲ" ဟု ဆင်ခြေကန်စပြုနေသောခေတ်ဟုသာ ဆိုရပါတော့မည်။ 'တိုးတက်ရေး' ဦးစိန်တို့၏ 'ဖတ်ကြဲလုပ်' ဝါဒများလည်း မပေါ်သေးပါ။ ဆရာကြီးပီမိုးနင်းတို့ပင်လျှင် 'နေရီရီ' 'သဲမြညှာ' တို့ကို ရေးအုံ့ဆဲဆဲအခါ ဖြစ်ပါသည်။ မြန်မာ့အလင်း 'လေပွေကြီးအခန်း (Columinist) အရေးအသားများလည်း မပေါ်သေးပါ။

"လာလေကွာ... ထိုင်..."

ကျွန်တော်က မောင်ချိုကို နေရာထိုင်ခင်း ပေးလိုက်သောအခါ၌ မောင်ချိုက "မထိုင်တော့ဘူးကွာ... မနေ့ညနေဘက်က တို့အိမ်ဘက်ကို ဆရာရောက်လာပြီးတော့ ငါစာမေးပွဲအောင်တာကို ဝမ်းသာတဲ့အကြောင်း ပြောသွားသကွ... ပြီးတော့လည်း... ငါ့ကိုပြောသွားသေးတယ်... ဒီကနေ့ ညနေကစပြီးတော့ သူ့အိမ်မှာလာပြီး စာကျက်ရမယ်တဲ့ကွ... ဒီတော့ အဖော်ရအောင် မင်းလည်း ငါနဲ့အတူတူလိုက်ပြီး ဆရာ့အိမ်မှာ စာကျက်ပါလားကွာ..." ဟု ဆိုသည်။

ကျွန်တော်တို့ ငယ်ငယ်က ယခုခေတ်မှာလို ပရိုက်ဗိတ်ကျူရှင်ကျောင်းတွေ မပေါ်သေး၊ လခလည်း မယူသေး၊ လခမယူသည့်ပြင် ဆရာများက တပည့်များကို သူတို့အိမ်သို့ခေါ်ကာ အလကားမတ်တင်းနှင့် အပိုသင်တန်းများ ပေးသည်သာမက လက်ဖက်၊ ချင်းသုပ်များပင် အခါအားလျော်စွာ ကျွေးမွေးသော ခေတ်ဖြစ်ပါသည်။ ဆရာ့အိမ်တွင် ဘုရားကိုးဆူကပ်၊ ဘုန်းကြီးဆွမ်းကျွေး စသောသာရေးနာရေးများ ရှိလျှင်လည်း ကျောင်းသားများကပင် ပန်းကန်ဆေး၊ အိုးတိုက်အထိ ဝိုင်းဝန်းကူညီကြ

mgyoe.com

mgyoe.com


သော ခေတ်လည်းဖြစ်ပါသည်။

"ဟ... ဆရာက ငါ့ကိုမှ မခေါ်ဘဲနဲ့ ငါလိုက်လို့ ဖြစ်ပါ့မလားကွ..."

ကျွန်တော်က ဆင်ခြေကန်သည်။

"လိုက်ခဲ့ပါကွာ... ငါတစ်ယောက်တည်းမို့ပါ... ပြီးတော့ ညကျလို့ အိမ်ပြန်ရင်လည်း အဖော်ရတာပေါ့ကွာ... ငါ့စက်ဘီးနဲ့ မင်းကိုတင်ပြီးခေါ်ပါ့မယ်... ငါက သရဲကြောက်တယ်ကွ... ဆရာ့အိမ်ကိုသွားရမှာက ဆေးရုံရှေ့က ဖြတ်ပြီးတော့ သွားရမှာ... ဆေးရုံနောက်ဖေးက ရင်ခွဲရုံမှာ သရဲကြီးရှိတယ်တဲ့ကွ..."

မောင်ချိုသည် ကျွန်တော့်အား အတင်းဆွယ်၍ နေပါ၏။ ဆေးရုံက ရင်ခွဲရုံမှာ ဆရာညွှာ၏အိမ်နှင့် ကျွန်တော်တို့အိမ်အကြား လမ်းခုလတ်၌ ရှိ၍နေပါသည်။ သို့နှင့် ကျွန်တော်လည်း သူနှင့်အတူ ဆရာညွှာတို့အိမ်သို့ လိုက်၍သွားခဲ့ရသည်။

"မောင်တင့်လည်း ကျွန်တော်နဲ့တူတူ ဆရာ့ဆီမှာလာပြီး စာကျက်ပါစေ ဆရာ အသွားအပြန် ကျွန်တော်တို့ အဖော်ရတာပေါ့..."

ဆရာညွှာက ကျွန်တော့်အား တစ်ချက်စိုက်ကြည့်ပြီးနောက် "အေး... ကောင်းသားပဲ" ဟု ပြောလိုက်ပါသည်။ ဆရာညွှာ၏ နှမ မခင်တင့်က ကျွန်တော်တို့ နှစ်ယောက်အား စပ်ပူစပ်ပြား တစ်ခုစီပေးပါသည်။ ခုခေတ် ကျောင်းသားများ တချို့တွင် စပ်ပူစပ်ပြားဆိုသော စကားကို နားလည်သူလည်း ရှိပေမည်။ နားမလည်သူများလည်း ရှိပေမည်။ ကျွန်တော်တို့ ငယ်ငယ်က စပ်ပူစပ်ပြားသည် များစွာ ရေပန်းစားခဲ့သည်။ စပ်ပူစပ်ပြားဆိုသည်မှာ တခြားမဟုတ်ပါ။ သကြားခဲအဝိုင်း ဖြူဖြူကလေးများပေါ်၌ မင်ရောင်အမျိုးမျိုးဖြင့် 'ကြင်သက်ဝေ' 'ထာဝစဉ်' 'မမေ့ပါနဲ့' အစရှိသော ရိုက်နှိပ်ထားသော သရေစာကလေးများ ဖြစ်ကြပါသည်။ ပိုက်ဆံတစ်ပြားဖိုး နှစ်ခု သုံးခုရပါသည်။ ကျွန်တော်တို့ငယ်စဉ်ခေတ်က လူပျို၊ အပျိုများမှာ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများမှာ 'ချစ်လို့ ငယ်ကြဲ၊ စာပြန်ပါ့မနေး၊ ခင်တို့မှာ ပိုင်သူရှိရင် ဖုံးဖိပါလေး' ဆိုသော အချိုးမျိုးကိုပင် မရေးဝံ့ မရေးတတ်သော သူများရှိလေသေးရာ ဟတ္ထိစီးကရက် တစ်လိပ် ပိုက်ဆံတစ်ပြားဖိုး ဝယ်ပေး၍ ကျောင်းသားကြီးများအား ရည်းစားစာ အရေးခိုင်းလျှင်ခိုင်း၊ မခိုင်းရဲလျှင် စပ်ပူစပ်ပြားပေါ်က စာတမ်းကလေးများနှင့် ချစ်ရေးဆိုခဲ့ရသော ခေတ်လည်းဖြစ်ပါသည်။ ကောင်မလေးတစ်ယောက်ကို ကောင်လေးတစ်ယောက်က ကြိုက်နေပြီဆိုလျှင် အဆိုပါ စာတမ်းကလေးများပါသော စပ်ပူစပ်ပြားကို လက်ဆောင်ပေး၍ မသိမသာ ချစ်ရေးဆိုရသော ခေတ်လည်းဖြစ်ခဲ့ပါ၏။ ဤနည်း

mgyoe.com

mgyoe.com

မျိုးဖြင့် ဖူးစာဆုံခဲ့ကြသော မောင်နံ့တို့မှာ ယခုအခါ၌ သေသူသေ၍ မြေးမြစ်ပင် ရရှိသူတို့ ရ၍နေကြပြီ ဖြစ်ပါသည်။

ဆရာညွာက ကျွန်တော့်ကိုပါ ညအချိန်၌ သူ့အိမ်တွင်လာ၍ စာကြည့်ရန်ခွင့်ပြုလိုက်သောကြောင့် ကျွန်တော်ရော မောင်ချိုပါ ဝမ်းသာအားရဖြစ်ပြီး ဆရာ့အိမ်မှ ပြန်ခဲ့ကြပါသည်။ မောင်ချိုသည် ကျွန်တော့်အား စက်ဘီးဘားတန်းပေါ်တွင်တင်၍ နင်းလာခဲ့ပြီးနောက်၊ ကျွန်တော့်အိမ်အရောက်တွင် ချက်ချင်း သူ့အိမ်သို့ဆက်၍ ပြန်မသွားသေးဘဲ အိမ်ထဲသို့ အပျင်းပြေလိုက်လာပါသည်။

"ငါတော့ သိပ်ပျော်တာပဲကွာ၊ တို့နှစ်ယောက်ကို ဆရာက လက်ခံလိုက်တာ..."

မောင်ချိုက ခုံတန်းလျားတွင် ဝင်ထိုင်ရင်းပြော၏။

ကျွန်တော်ကလည်း "အေးကွ... ငါလည်း ဆရာက ငေါက်မှာကြောက်လို့ အသာငြိမ်နေရတယ်၊ ခုမှပဲ အသက်ရှူပုံ့တော့တယ်။ အဲ... ဒီလိုလုပ်ကွာ မောင်ချို... မင်းက မင်းတို့အိမ်ကနေပြီးတော့ ခုနစ်နာရီထိုးရင်လာခဲ့ကွာ... ငါကလည်း စောင့်မယ်... ခုနစ်နာရီခွဲလို့မှ မင်းမလာရင်တော့ ဆရာ့အိမ်ကို ငါ့ဘာသာငါ တစ်ယောက်တည်းသွားမယ်။ မင်းနောက်ကျနေရင်လည်း ငါ့အိမ်ကိုဝင်မေးပြီး ဆက်လိုက်ခဲ့ပေါ့... ဟုတ်လား" ဟု အစီအစဉ်ပြုလိုက်ရပါသည်။ မစီစဉ်လျှင် မဖြစ်ပါ။ ကျွန်တော်က ညဥ့်ဦးအဖို့၌ တခြားကိစ္စရှိ၍... ဆရာညွာတို့အိမ်ကို မသွားနိုင်လျှင် မောင်ချိုသည် လမ်းခုလတ်တွင်ရှိသော ကျွန်တော့်အိမ်ကို ခရီးသွားဟန်လွှဲဝင်၍ မေးသွားနိုင်ပါသည်။ သူ မပေါ်လာ၍ စောင့်နေရမည်ဆိုပါက သူ့ဘာဖြစ်၍ မလာနိုင်ကြောင်းကို သိရန်မှာ ကျွန်တော်က သူနေရာ မြို့အနောက်ပိုင်းသို့ တကူးတကသွား၍ မေးနေရမည် ဖြစ်ပါသည်။

ဤကဲ့သို့ ကျွန်တော်တို့နှစ်ယောက် အစီအစဉ် လုပ်နေကြစဉ်တွင် လော်ရီကားကြီး တစ်စင်းသည် ကျွန်တော်တို့ အိမ်ရှေ့မှ ခပ်ဖြည်းဖြည်း အရှိန်သတ်၍ လိမ့်နေပြီးနောက် ခေါင်းရင်းဘက် တစ်အိမ်ကျော်တွင် သွား၍ရပ်လိုက်သည်ကို မြင်ရပါသည်။

"အဲဒီအိမ်... အဲဒီအိမ်..."

လော်ရီကားပေါ်မှ ပြောသံကြားရပြီးနောက် ကိုထွန်းမောင်သည် ကားနောက်ပိုင်းမှ ခုန်ဆင်းလိုက်သည်ကို ကျွန်တော်တို့ မြင်ရပါသည်။

ကိုထွန်းမောင်မှာ တခြားသူမဟုတ်ပါ။ ကျွန်တော်တို့အိမ်နှင့် နှစ်အိမ်ကျော်ဖြစ်သော 'လှည်းယာဉ်' တံဆိပ် ပိုးထည် ကုမ္ပဏီအိမ်၌ ပိုးပြုတ်၊ ပိုးဆိုးအလုပ်ကို လုပ်သူဖြစ်ပါသည်။ ကိုထွန်းမောင်သည် ပိုးပြုတ် ပိုးဆိုး အလုပ်သာမကသေး နံနက်

mgyoe.com

mgyoe.com


စောစောပိုင်း ဈေးသွားဈေးလာများသော အချိန်မျိုးတွင် ရုပ်ရှင်ဇာတ်ပွဲ စသည်တို့ကို မောင်းတစ်လုံးနှင့် ကြော်ငြာတတ်သူဖြစ်ပါသည်။ "ပြပြီ... ပြနေပြီ... မောင်ဘတင့်၊ ခင်ခင်နုပါတဲ့ မောင့်ဒေဝီဇာတ်ကားကြီး ပြနေပြီ" စသည်ဖြင့် နံနက်ပိုင်း၌ မောင်းတဒီဒီနှင့် လမ်းတကာသို့လျှောက်၍ အော်တတ်သည်။ ကြေညာတတ်သည်။ နံနက် ၁၀ နာရီလောက်ကစပြီး လှည်းယာဉ်တံဆိပ် ပိုးထည်ကုမ္ပဏီ၌ ပိုးများ၊ ချည်များကို ဂလီအာရာဆိုးဆေးနှင့် အရောင်လိုရာကို ပြုတ်၍ဆိုးသည်။ အိုင်စီအိုင် ဆိုးဆေးများ မပေါ်သေးပါ။ ထီးရိုးဝါးလုံးတန်းကြီးများနှင့် ပိုးခါသည်။ ပိုးလှန်းသည်။ ညနေလေးနာရီခန့်တွင် ပိုးရုပ်သည် သူ၏အလုပ် တစ်စခန်းသိမ်းပြီးနောက် ညနေခြောက်နာရီလောက်ကျလျှင် ရုပ်ရှင်ရုံရှေ့၌ သူ့ကိုတွေ့ရမည်။ သူသည် မောင်းကလေးကို တဒူဒူတီးကာ "ဝင်ကြနော်... ဝင်ကြနော်... မီးစွဲပြီ... မီးစွဲပြီ။ လေးပိုင်းပြီးရင် ဖိုက်တင်ချည်းပဲ" ဟု အော်၍နေ၏။ ကျွန်တော်တို့ ငယ်ငယ်ကခေတ်မှာ ဒိုက်ဗင်တို့၊ ဖိုက်တင်တို့ ခေတ်စားခဲ့ပါသည်။ ထို့ကြောင့်ပင်လည်း ကိုထွန်းမောင်သည် 'ဖိုက်တင်' ကို အသားပေးကာ ကြော်ငြာ၍နေခြင်း ဖြစ်ပါ၏။ 'မီးစွဲပြီ' ဆိုသောစကားကို ယခုခေတ်၌ နားလည်သူများလည်း ရှိပါလိမ့်မည်။ နားမလည်သောသူများအဖို့ ရေးသားရမည်ဆိုပါသော် ဟိုခေတ်က ရုပ်ရှင်ပြဇာတ်များမှာ လျှပ်စစ်ဓာတ် အဖိုအမကို ကာဗွန်မီးချောင်းများနှင့် 'အောင်သွယ်' ပေးရာမှရသော အလင်းရောင်ဖြင့် ရုပ်ရှင်ပြသောစက်များ ဖြစ်ကြပါသည်။ ကာဗွန်ချောင်းများသည် မီးစားသောအခါ ပြာဖြစ်ပါသည်။ တဖြည်းဖြည်း လောင်ကျွမ်းသွားကြပါသည်။ ဇာတ်ကားတစ်ကား ပေတစ်သောင်းကျော်ကို ပြလျှင် ကာဗွန်မီးသွေးချောင်း လေးချောင်းကုန်ပါသည်။ ရုပ်ရှင်ပြစက်က မှန်ဘီလူးကိုလည်း 'ဟာဆူနိုဟာနာ' ကုလားမထီးဆောင်း ရေမွှေးနှင့် ကြည်လင်အောင် ဆေးရသောခေတ် ဖြစ်ပါ၏။ သို့ဖြစ်ရာ လျှပ်စစ်အဖိုအမ ကာဗွန်မီးသွေးချောင်းများကို တစ်ခုနှင့်တစ်ခု နီးစပ်အောင် လုပ်သောအခါ၌ မီးပွင့်ကာ မီးအလင်းရောင်ပေါ်လာသည်။ ကာဗွန်မီးသွေးချောင်းစရိတ်မှာ အတော်ကြီးရာ မီးအလင်းရောင်ဖြစ်အောင် လုပ်လိုက်သောအခါ၌ ပိတ်ကားပေါ်တွင် (Focus) အလင်းရောင်စု ညီညာပြတ်သားအောင် မီးချိန်ရပါ၏။ မီးချိန်ညီ၍ ပြတ်သားတိကျသောအခါတွင် ရုပ်ရှင်စ၍ ပြပါသည်။ ဤသို့ မီးရောင်ပေါ်လာသည်ကို "မီးစွဲသည်" ဟု ခေါ်ပါသည်။ မီးရောင်ပေါ်လာ၍ ချိန်ညှိပြီးလျှင် ရုပ်ရှင်ပြရန်သာဖြစ်သည်။ မီးရောင်ပေါ်လာပြီးခါမှ မပြဘဲနေလျှင် ကာဗွန်မီးသွေးချောင်းကို ဖြုန်းတီးရာရောက်သည်။ ငွေအလကားကုန်မည်။

mgyoe.com

mgyoe.com


"မီးစွဲခြင်း" သည် ရုပ်ရှင်တကယ်စ၍ ပြတော့မည်ဆိုသော လက္ခဏာပင်ဖြစ်သည်။ ထို့ကြောင့် ပွဲဈေးစား၍ နေကြသောသူများ ရုပ်ရှင်ရုံထဲသို့ ခပ်မြန်မြန်ဝင်စေရန် ကိုထွန်းမောင်က 'မီးစွဲပြီ... မီးစွဲပြီ' ဟု သတိပေးခြင်းဖြစ်ပါသည်။ မီးစွဲလျှင် ရုပ်ရှင်စ၍ပြဖို့ အချိန်မဝေးတော့ပါ။ 'လေးပိုင်းပြီးရင် ဖိုက်တင်ချည်းပဲ' ဟူသော ကိုထွန်းမောင်၏ ကာရန်အခတ်ကလေးနှင့် ကြေညာချက်ကလည်း ပရိတ်သတ်အား ပို၍ကြည့်ချင်အောင် ဖန်တီးပါသည်။

ကိုထွန်းမောင်သည် ရုပ်ရှင်စ၍ ပြသည့်နောက်တွင် ရုပ်ရှင်ရုံက တာဝန်ကုန်ဆုံးပြီးနောက်၊ နောက်အလုပ်တစ်ခု လုပ်ပါသေးသည်။ ထိုအလုပ်မှာကား ဟိုခေတ်က သမားရိုးကျ အလုပ်ဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်ငယ်ခေတ်က အခုလို ပုံနှိပ်စက်ကို အခိုင်းမများသေး။ စက္ကူကိုလည်း မခိုင်းသေး။ ဖောင်းကြွတံဆိပ်ဆိုသည်ကိုလည်း ကြားမှ မကြားဖူးသေးချေ။ ကိစ္စရှိလျှင် လူငှားနှင့် လမ်းပေါ်က လျှောက်၍အော်ကာ ဖိတ်ကြားတတ်ကြသည်။ ခေါ်ငင်တတ်ကြသည်။ ဥပမာအားဖြင့် လူတစ်ယောက် သေဆုံး၍ ဆွမ်းသွတ်တော့မည်ဆိုလျှင် ညဦးပိုင်း ခုနစ်နာရီလောက်၌ 'အရှေ့... အနောက်... တောင်... မြောက် ကြားကြားသမျှတို့ခင်ဗျား... နံနက်ဖြန်နံနက် အရုဏ်တက်အချိန်တွင် မည်သည့်လမ်း၊ မည်သည့်အတန်းနေ မည်သူမည်ဝါတို့ကို ဆွမ်းသွတ်တရားတော်နာ ပြုကြမည်ဖြစ်ပါ၍ တရားအတူနာရအောင် ကြွတော်မူကြပါတဲ့ခင်ဗျာ..." ဟု လှည့်လည်နှိုးဆော်ရသောခေတ် ဖြစ်ပါ၏။ တစ်ဖန် ထိုစဉ်အခါက မော်တော်ကား မပေါ်သေးသဖြင့် ကျွန်တော်တို့မြို့ကနေ ရှစ်မိုင်ဝေးသော ပြည်မြို့သို့ လှေဖြင့်လည်းကောင်း၊ မြင်းလှည်းဖြင့်လည်းကောင်း သွားရပါ၏။ ဤကိစ္စတွင်လည်း ကိုထွန်းမောင်၏ ငွေဝင်လမ်းတစ်ရပ် ပေါ်လာပါသေးသည်။ ၎င်းမှာ ပြည်မြို့သို့ ဧရာဝတီလမ်းက ကြိုးနှင့်ဆွဲကာတက်သွားမည့် ကူးတို့လှေနှင့် လိုက်မည့်သူများကို နံနက်လေးနာရီလောက်က စ၍ လှေထွက်ခါနီးပြီဖြစ်ကြောင်း နှိုးဆော်ရသည့်အလုပ်ဖြစ်ပါသည်။ ကိုထွန်းမောင်သည် လမ်းတကာ့လမ်းကို လှည့်၍ "ပြေ... သို့... ပြေသို့" ဟု အော်ပါသည်။ သူ့အော်သံကိုကြားလျှင် ခရီးသွားမည့်သူများသည် ကမန်းကတမ်း အိပ်ရာမှထ၍ မျက်နှာသစ်ကာ အထုပ်အပိုးနှင့် လှေဆိပ်သို့ဆင်းကြရပါသည်။ ကျွန်တော်တို့လို စောစောထ၍ စာကျက်ကြသော ကျောင်းသားများအဖို့တွင် သူ၏ 'ပြေသို့' ဟူသော အော်သံမှာ ဘစ်ဘင်စားပွဲတင်နာရီနှိုးစက်နှင့် တန်းတူဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သူ့အော်သံကလည်း ယခုခေတ် အရေးအသားမျိုးနှင့် ရေးရလျှင်

mgyoe.com

mgyoe.com

'ကဗျာဆန်သည်' ဟု ဆိုရပါမည်။ အကြောင်းမှာမူ သူသည် 'ပြေသို့' ဟူသော စကားလုံးကို ဆက်တိုက်အော်ရာ၌ 'ပြေ... သို့... ပြေ... သို့... ပြေသို့... ပြေသို့... ပြေသို့... ပြို့... ပြို့... ပြို့" ဟု လေးလေးမှန်မှန်ကနေပြီး နောက်ပိုင်းတွင် သုတ်ခြေတင်၍သွားသောကြောင့် ဖြစ်ပါသည်။ ကျောက်စာများ၌ (ပ္လုတ) မှနေ၍ (ပြု) ဖြစ်လာသလို ကိုထွန်းမောင်၏ ပါးစပ်တွင်လည်း (ပြေသို့) မှနေ၍ (ပြို့) ဖြစ်သွားပါ၏။ သူ့အော်သံကို ကြားရလျှင် လေးနာရီခွဲပြီဖြစ်သည်မှာ သေချာလှပါ၏။ ဘီဘီစီနာရီသံနှင့်မခြား အချိန်မှန်လှပါသည်။ ကျွန်တော်တို့ ကျောင်းသားများ အားထားရသောအသံ၊ အရဏ်ဆွမ်းကပ်သော ဒါယိကာမကြီးတို့၏ 'ဘစ်ဘင်' 'ဆက်သောမတ်(စ်)' ဖြစ်ပါတော့သည်။ ဟိုခေတ်က 'ဆိုက်ကိုရှား' ဂျပန်သံစုံတွေ မပေါ်သေးပါ။

ဤကဲ့သို့ အလုပ်မျိုးစုံအောင်လုပ်သော ကိုထွန်းမောင်သည် ဆိုခဲ့သည့်အတိုင်း ကျွန်တော်တို့၏ အိမ်ခေါင်းရင်းဘက်က တစ်အိမ်ကျော်ရှေ့၌ ရပ်လိုက်သော မော်တော်ကားပေါ်မှ ဆင်းလိုက်ပြီး "အဲဒီအိမ်... အဲဒီအိမ်" ဟုဆိုလိုက်သံကို ကြားရသောအခါ ကျွန်တော်နှင့် မောင်ချိုတို့သည် ကျွန်တော်တို့ အိမ်ရှေ့ဝရန်တာမှ လှမ်းကြည့်ကာ အကဲခတ်နေလိုက်မိကြပါ၏။

မော်တော်ကားကြီးပေါ်၌ကား ယောကျ်ားမိန်းမ အသက်အရွယ်မျိုးစုံ ပါပါသည်။ ဓာတ်သေတ္တာနှင့် ဆိုင်းဝိုင်းအသုံးအဆောင်တွေ ပါသည်။

သျှောင်တစောင်းနှင့် ရွှေဒင်္ဂါးရောင်ပဝါကို ခေါင်းပေါင်းထားသော ယောကျ်ားကြီးတစ်ဦးက "ကဲ... ဆင်းကြဟေ့၊ ပစ္စည်းတွေ ချရအောင်" ဟု နှိုးဆော်နေသည်ကိုလည်း ကြားရပါ၏။ ကျွန်တော်၏စိတ်ထဲ၌ ခပ်ဆန်းဆန်းဖြစ်၍ နေမိသည်။ မောင်ချိုကလည်း ကျွန်တော့်နည်းတူပင် ဖြစ်၍နေပုံရပါသည်။

ဤကဲ့သို့ ကျွန်တော်တို့နှစ်ယောက်သား ငေးမောကြည့်ရှုနေမိကြစဉ် ကိုထွန်းမောင်သည် ကျွန်တော်တို့ အိမ်ဝင်းထဲသို့ ဝင်လာကာ သောက်ရေတောင်းပါသည်။ ကျွန်တော်ကလည်း ထီးရိုးတပ် အုန်းရေမှုတ်နှင့် ရေခပ်ပေးရင်း "ဘယ်က လူတွေလဲဗျ" ဟု ကားဆီသို့ ကြည့်ရင်းမေးလိုက်မိ၏။ ကိုထွန်းမောင်က ရေကိုပြီးအောင်သောက်ပြီးနောက် "စက္ကင်းစိန်ကတုံး" ဓာတ်ကွ၊ တို့ဆရာဦးမောင်ကလေးက ကျုံပျော်ဘက်ဆင်းပြီး သုံးနှစ်ကန်ထရိုက်နဲ့ ငှားလာတာ၊ အခုမိုးတွင်းမှာ မင်းတို့ ခေါင်းရင်းက တိုက်ပိုင်အိမ်မှာနေပြီးတော့ ဓာတ်တိုက်ကြလိမ့်မယ်။ ဆောင်းဦးပေါက် လောက်ကျမှ အညာကိုတက်ရမှာ" ဟု ပြောပါ၏။ ဤတွင်မှ ကျွန်တော်လည်း

mgyoe.com

mgyoe.com


တစ်ခါမှ နီးနီးစပ်စပ်မနေဖူးသော ဓာတ်အဖွဲ့နှင့် နားတော့ပါးတော့ နေရလေတော့မည်ဟု တွေးမိကာ မအီမလည်ကြီးဖြစ်၍ လာရပေသည်။ ကျွန်တော်တို့မြို့က ရုပ်ရှင်ရုံပိုင်ရှင်ဖြစ်သူ ဦးမောင်ကလေးသည် စီးပွားရေးနယ်ချဲ့ကာ ဓာတ်ပါထောင်လိုက်ပြီဆိုသော အချက်ကိုလည်း နားလည်ရသည်။

"ခင်ဗျားလူတွေက တစ်နေ့ကို ဆိုင်းသံ ဗုံသံ တညံညံ လုပ်နေရင်တော့ ကျွန်တော်တို့ စာကျက်လို့ရတော့မယ် မထင်ဘူးဗျို့..."

ကျွန်တော်က ညည်းလိုက်မိသည်။ မောင်ချိုကမူ မော်တော်ကားပေါ်မှ တစ်ယောက်ပြီးတစ်ယောက် ဆင်းလာနေကြသောသူများကို ကြည့်၍နေ၏။

"သိပ်ပြီး စိုးရိမ်မနေပါနဲ့ကွာ... သူတို့ ဒီမှာနေရင် သီတင်းကျွတ် အလွန်ဆုံးပါ၊ မိုးကလေးပါးသွားရင် အညာကို တက်ကြမှာပါကွ... ပြီးတော့ ခုအချိန်ကလည်း မင်းတို့ ကျောင်းတွေဖွင့်စပဲ ရှိသေးတယ်မဟုတ်လား... စာမေးပွဲ မနီးသေးပါဘူးကွာ"

ကိုထွန်းမောင်က သောက်၍ပြီးသွားသော ရေမှုတ်ကို ပြန်၍ပေးရင်း ပြောသည်။

"အေးဗျာ... ဒီလိုဆိုရင်တော့... တော်ပါသေးရဲ့..."

မောင်ချိုက ဝင်၍ပြောသည်။ သူ့မျက်လုံးများမှာမူ ကားပေါ်မှဆင်း၍နေကြသော ဓာတ်အဖွဲ့ဝင်များကို ကြည့်၍နေလေသည်။ ကျွန်တော်လည်း သူ့နည်းတူပင် လှမ်း၍ကြည့်နေမိရာ လော်ရီကား နောက်ပိုင်းအပိတ်ကိုကျော်၍ ဆံထောက်နှင့် မိန်းကလေးတစ်ဦး ဆင်းနေသည်ကို မြင်ရ၏။ မိန်းကလေးမှာ အသက် ၁၈ နှစ်အရွယ်လောက်သာရှိဦးမည် ထင်ရပါသည်။ လော်ရီကား နောက်အပိတ်တံခါးကိုကျော်၍ ပတ္တာအထစ်ကိုနင်းကာ ဆင်းလိုက်ရာ၌ လက်ဦးပထမတွင် မိန်းကလေး၏ လက်ဝဲဘက် ခြေသလုံးဝါဝါကလေးကို လှစ်ခနဲ မြင်လိုက်ကြရသည်။

ညာဘက်ခြေထောက်က ပတ္တာဆက်ကိုနင်းလိုက်သောအခါတွင် တံခါးက လုံချည်အောက်နားကို ပင့်ထားပေးသလို ရှိနေပြန်လေရာ လက်ယာဘက်သလုံးသားကလေးသည် အဝင်းသားပေါ်ပေါက်၍ နေပြန်ပါတော့သည်။ သလုံးသားကလေးသာမက တံကောက်ကွေး၏အထက် လက်လေးသစ်ခန့်ပင် အသားဝင်းကလေးပေါ်၍ နေလေရာ ကျွန်တော်တို့မှာ "ကြည့်မဝ... ရှုမရဲ" ဆိုသလို ဖြစ်ကြရပါသည်။ အမှန်ကို ဝန်ခံရပါက ကျွန်တော်နှင့် မောင်ချိုတို့မှာ လူပျိုပေါက်အရွယ်များ ဖြစ်ကြပေရာ မိန်းကလေး ပျိုပျိုရွယ်ရွယ်တစ်ဦး၏ သလုံးသား ဝဝတုတ်တုတ်ကလေးကို ကြုံတောင့်ကြုံခဲ မြင်ရသောအခါ၌ ရင်တဖိုဖိုဖြစ်၍ နေကြရပါ၏။

mgyoe.com

mgyee.com


"အဲဒီကောင်မလေးက စိန်မြကျင်တဲ့ကွ၊ စက္ကင်းစိန်ကတုံးနဲ့ တွဲဖက်ပဲ၊ လင်မရှိဘူး အပျိုတဲ့ကွ..."

အလုပ်ညွှန်ပေါင်းဆရာ ကိုထွန်းမောင်က သောက်ရေခပ်ပေးသည့် တန်ဖိုးကို ကျေးဇူးဆပ်သည့်အလား သတင်းစကားလက်ဆောင်ပါးပြီးနောက် ဇာတ်အဖွဲ့ကားရှိရာသို့ ထွက်သွားပါ၏။ ကျွန်တော်နှင့် မောင်ချိုတို့ နှစ်ယောက်သားသည်လည်း စိန်မြကျင်ဆိုသော ဇာတ်မင်းသမီးကို ငေး၍ကြည့်နေမိကြရာ စိန်မြကျင်သည် ကားနောက်ပိတ်တံခါးကို ခြေစုံနင်း၍ထားရာက မြေကြီးပေါ်သို့ ခုန်ချလိုက်ပါ၏။ မြေကြီးပေါ်သို့ အကျတွင် ထဘီပြေ၍သွားသောကြောင့် ကပျာကသီ ခါးဆီသို့ လက်နှင့်ဖမ်း၍ ဖိလိုက်ရသည်ကိုလည်း မြင်ရပါသည်။ တော်သေး၏။ အချိန်မီ ထဘီကို ဖမ်းမိလိုက်သဖြင့် မြင်မကောင်း ရှုမကောင်းမဖြစ်ပေ။

"ဟိုက်"

မောင်ချိုသည် စိန်မြကျင်၏ ဖြစ်ပုံကိုကြည့်ရင်း အာမေဋိတ်သံ တစ်လုံးထွက်၍လာ၏။ ကျွန်တော်က "ဒီမင်းသမီးလုပ်ပုံနဲ့ဆိုရင်တော့ မကြာခင် တို့လမ်းထဲမှာ ခွေးတစီစီနဲ့ ဖြစ်နေတော့မှာပဲ ထင်ပါရဲ့ကွာ..." ဟု ပြောလိုက်ရာ မောင်ချိုက...

"အေးကွ" ဟု ပြန်၍ဆိုလိုက်ပါသည်။

ယင်းသည်ကား... မင်းသမီး စိန်မြကျင် ကျွန်တော်တို့ ရပ်ကွက်ထဲသို့ ရောက်၍လာပုံဖြစ်ပါသည်။

*

မောင်ထွန်းမောင် (ခေါ်) ကျုပ်သိသမျှကို ပြောပြချင်ပါသည်။ ပြောပြရမည့် အကြောင်းမှာ တခြားအကြောင်းမဟုတ်ပါ။ မောင်ချိုနှင့် စိန်မြကျင်တို့၏အကြောင်း ဖြစ်ပါသည်။ ကျုပ်တို့မြို့က ရုပ်ရှင်ရုံပိုင်ရှင် ဦးမောင်ကလေးသည် စိတ်တိုင်းကျ ရုပ်ရှင်ကားများကို ငှား၍မရသောအခါတွင် လုပ်ငန်းကို ရပ်၍မထားချင်သောကြောင့် ငွေအသေမထားလိုသောသူပီပီ ညောင်တုန်းဘက်ဆီက "စက္ကင်းစိန်ကတုံး" ဇာတ်ကို မူလပိုင်ရှင်ထံမှ သုံးနှစ်စာချုပ်ဖြင့် ငှားရမ်းလိုက်ပါသည်။

ကျုပ်တို့၏မြို့မှာ ဇာတ်ပွဲအလာနည်းပါးသော မြို့ဖြစ်၍ ရုပ်ရှင်ကိုသာ အမြဲကြည့်၍ နေကြရလေရာ တစ်ခါတစ်ရံတွင် ဇာတ်ပွဲကို တောင့်တကြပါသည်။ လူထုပရိသတ်၏ အာသီသကို ဖြည့်စွမ်းသောအားဖြင့် ဦးမောင်ကလေးသည် မြို့လယ်

mgyee.com

mgyoe.com

ဘုရားပွဲ ရက်များ၌ နေ့ခင်းပိုင်းတွင် ရုပ်ရှင်နှစ်ပွဲပြကာ ညပိုင်းတွင်ကား စက္ကင်းစိန်ကတုံး၏ဇာတ်ကို ရုံသွင်းပါသည်။ ဤနည်းဖြင့် နေ့မအား ညမအား စီးပွားရှာပါသည်။

ဦးမောင်ကလေး၏ စီးပွားရေး အမြင်ကျယ်မှုနှင့် ပတ်သက်၍ကား ဘာမျှ အထူးပြောစရာမလိုပါ။ မိမိကျွမ်းကျင်သော ပညာနှင့် စီးပွားဉစ္စာ ရှာမှီးကြသည်မှာ လူ့ဓမ္မတာပင်ဖြစ်ပါသည်။ သို့သော်... စက္ကင်းစိန်ကတုံး၏ဇာတ် ကျုပ်တို့၏မြို့သို့ ရောက်လာပြီး စခန်းချရပ်နေခြင်းသည် ကျုပ်တို့အလွန် ကြည်ညိုလေးစားသော ဆရာညွှာနှင့် ကျုပ်တို့နှင့် တစ်ရပ်တည်းနေ တစ်ရေတည်းသောက်ဖြစ်ကာ ကျုပ်တို့၏ မျက်စိအောက်တွင် ကြီးပြင်းလာရသူဖြစ်သော မောင်ချိုကလေးတစ်ယောက်အဖို့ စနေဂြိုဟ်ဝင်၍ မွေခြင်းဖြစ်သည်ဟုကား ကျုပ် သေသေချာချာ ဆိုရပါသည်။

ကျွန်တော်တို့ မြို့ကလေးကို စက္ကင်းစိန်ကတုံးဇာတ် ရောက်လာချိန်မှာ မိုးဦးသာသာ အချိန်လောက်က ဖြစ်ပါသည်။ စက္ကင်းစိန်ကတုံးနှင့် တွဲရသော မင်းသမီးမှာ စိန်မြကျင်ဆိုသော သူငယ်မဖြစ်သည်။ ထိုသူငယ်မမှာ မျက်နှာ ယဉ်စစရှိသည်နှင့်အမျှ "ကြာမူ"များသူ ဖြစ်ပါသည်။ သို့ရှိရာတွင် စိန်မြကျင်၏ ကိုယ်လုံးကိုယ်ထည်မှာ မြင်ရသော ယောကျ်ားသားများအား ပင့်သက်လှိုက်ဖိုလောက်အောင်ပင် တောင့်တင်းပြည့်ဖြိုးလှပါသည်။ အပျိုဖော်ဝင်စအချိန်လောက်ကစ၍ အင်ဖက်ခူးကာ လေးမိုင်ကွာခန့်ရှိသောဈေးသို့ နံနက်တိုင်း သွားရောက်ရောင်းချရသောကြောင့် ကျန်းမာရေးနှင့် ပြည့်စုံလျက် ဤမျှကိုယ်ကာယတောင့်တင်း ဖြောင့်စင်းရခြင်းဖြစ်သည်ဟု နောင်အခါ၌ ဇာတ်အဖွဲ့သားတစ်ဦးထံမှ တစ်ဆင့်စကား တစ်ဆင့်နားအနေဖြင့် ကြားသိရဖူးပါသည်။

မည်သို့ပင်ဖြစ်စေ... စိန်မြကျင်တစ်ယောက် ကျုပ်တို့မြို့သို့ ရောက်၍လာခြင်းသည် ကျုပ်ပြောခဲ့သည့်အတိုင်း ဆရာညွှာနှင့် မောင်ချိုတို့ အကုသိုလ်ကံ ဝင်ခြင်းပင် ဖြစ်ပါ၏။ ကျုပ်သည် မောင်းသမားဖြစ်ရာ ဇာတ်ပိုင်ရှင် ဦးမောင်ကလေးတို့နှင့် နေ့တိုင်း ဆက်သွယ်နေရသူဖြစ်ပါသည်။ ထို့ကြောင့်ပင် စိန်မြကျင်တို့ ဇာတ်အဖွဲ့သားများနှင့် နီးစပ်ပါသည်။

ဦးမောင်ကလေးသည် စီးပွားရေးဝိဇ္ဇာဟု ဆိုရပါမည်။ ဦးမောင်ကလေး၏ ရုံ၌တင်သော ရုပ်ရှင်ကားများကို ရုံစ၍ တင်သည့်နေ့တွင် အရုပ်တီးဝိုင်းကလေးတစ်ခုကို ငှား၍ ဘတ်စ်ကား ၁၄ ယောက်စီးနှင့် ကြော်ငြာလှည့်စေပါသည်။ နောက်ရက်တွင် မြင်းလှည်းပေါ်၌ ဂေါ်ရင်ဂျီကုလားကလေး သုံးယောက်ကို စည်တိုတစ်လုံး၊ လင်းကွင်းတစ်စုံ၊ မောင်းတစ်လုံးနှင့် အသံထွက်လျှင်ပြီးရော... တီးချင်သလိုတီးခိုင်းကာ

mgyoe.com

mgyoe.com


မြင်းလှည်းအကာတွင် ပိုစတာများချိတ်၍ မြို့ကို လှည့်စေပါသည်။ နောက်ရက်များတွင်မူ ကျုပ်ကိုသာ မောင်းခတ်ခိုင်းပါသည်။ မော်တော်ကားနှင့် တီးဝိုင်းနှင့် လှည့်စဉ်က ငွေခြောက်ကျပ်လောက် စရိတ်ကုန်ပါသည်။ မြင်းလှည်းနှင့် ကုလားကလေးများ၏ စရိတ်မှာ သုံးကျပ်လောက်ဖြစ်ပြီး ကျုပ်၏ မောင်းခတ်ခမှာ တစ်ကျပ်သာဖြစ်ပါသည်။ ထိုငွေတစ်ကျပ်မှာ အရသက်သာသည် မဟုတ်ပါ။ ရုပ်ရှင်တစ်ပွဲပြီးခါနီးတိုင်း တစ်နာရီခန့်စော၍ ရုံရှေ့သို့ရောက်ရပြီး "မီးစွဲပြီ... မီးစွဲပြီ... ငါးပိုင်းပြီးရင် ဖိုက်တင်ချည်းပဲ..." ဆိုတာမျိုးတွေကို မောင်းကလေး တနောင်နောင်နှင့် အော်၍ပေးရသေးသည်။ ဤနည်းဖြင့် ဦးမောင်ကလေး၏ လုပ်ငန်းတွင် ကျုပ်သည် 'ဦးမောင်ကလေးအသံ' ဖြစ်၍နေရလေရာ၊ ဆက်ဆံမှုများပြားသဖြင့် ကျုပ်သည် ဦးမောင်ကလေး ထောင်၍ထားသော 'စက္ကင်းစိန်ကတုံး' ဇာတ်အဖွဲ့သားများနှင့်လည်း ခင်မင်ရင်းနှီးခွင့် ရခဲ့ရပါသည်။ သို့ဖြစ်၍လည်း မင်းသမီး စိန်မြကျင်နှင့် ဆရာညွာတို့၊ မောင်ချိုတို့၏ဇာတ်လမ်းကို ကျုပ်တစေ့တစောင်း မြင်ရခြင်းဖြစ်ပါ၏။

စိန်မြကျင်တို့ဇာတ် ရောက်လာပြီးနောက်... ဂါတ်တန်းလျားနှင့် မျက်စောင်းထိုးအိမ်တွင် တစုတရုံးတည်း နေထိုင်ကြပါသည်။ ဇာတ်အဖွဲ့ဝင် လင်မရှိသော မိန်းမသားတွေက အိမ်ပေါ်ထပ် နောက်ဖေးဆောင်၌နေကြ၊ လင်စုံမယားဖက်များကမူ အိမ်အောက်ထပ်တွင် နေကြပါသည်။ လူလွတ်ယောကျ်ားသားများ အဖို့တွင်ကား လူကြီးပိုင်းက အပေါ်ထပ် အိမ်ရှေ့ခန်းတွင်အိပ်ကြ၍ လူငယ်ပိုင်းကမူ အိမ်နောက်ဖေးဘက်ရှိ တန်းလျားငယ်တစ်ခု၏ အပေါ်ထပ်တွင် အိပ်ကြပါသည်။ တန်းလျားငယ်၏ အောက်ထပ်တွင် ဇာတ်ပစ္စည်းများထားကြပါသည်။ ခေါင်းဆောင်မင်းသားနှင့် ဇာတ်ဆရာဝိုင်းတော်တီး ခေါင်းဆောင်တို့ကိုမူ ဦးမောင်ကလေးက သူ့အိမ်တွင် တခမ်းတနားထားပါ၏။ အဆင့်အတန်း ခွဲခြားခြင်းလည်း ဖြစ်ပါသည်။ ဇာတ်ကိစ္စနှင့် ပတ်သက်၍ရင်းရင်းနှီးနှီး အလွယ်တကူ တိုင်ပင်နိုင်စေရန်လည်း ဖြစ်ပါသည်။

ကျုပ်မှာ စင်စစ်အားဖြင့် မောင်းသမားတစ်ဦးသာ ဖြစ်သော်လည်း စိန်မြကျင်တို့ဇာတ်မှာ တစ်နယ်သူ တစ်နယ်သားများသော အဖွဲ့လည်းဖြစ်သည်။ ထို့ပြင် တစ်နှစ်တစ်ကြိမ်ဆိုသလို လူဟောင်းအချို့ ထွက်သွားသောနေရာတွင် လူသစ်များ ဝင်၍လာကြသည်။ ဝင်၍လာကြသော လူသစ်များမှာ မြို့နှင့်စိမ်း၍ နေကြလေရာ တခြားသောကိစ္စများတွင် မဆိုထားဘိ၊ ထန်းရေခါးနှင့် ကြက်သားကလေး သောက်ချင်လျက်ပင် ကျုပ်တည်းဟူသော 'ကိုထွန်းမောင်' ကိုသာ ကပ်ကြရသည်။ ဟိုကိစ္စ ဒီကိစ္စဆိုသော

mgyoe.com

mgyoe.com


ကိစ္စမျိုးတွင်လည်း 'ထွန်းမောင်' ကိုသာ ကပ်ကြသည်။ နောက်ဆုံး၌ ကျုပ်သည် ဇာတ်အဖွဲ့ဝင်များ၏ တချို့တချို့သော 'ကိုယ်ရေးကိုယ်တာ' များတွင် ဒါရိုက်တာဖြစ်သည့်အခါ ဖြစ်ရတတ်လျက် ကူဖော်လောင်ဖက်ဖြစ်သည့်အခါ ဖြစ်ရပါ၏။ ယုတ်စွအဆုံး ခင်မင်နေသော ယိမ်းသမကလေးများပင်လျှင် "အစ်ကိုထွန်းမောင်ကြီး မနက်တိုင်း အိမ်ရှေ့က စက်ဘီးဖြတ်ဖြတ်စီးသွားတဲ့ ဟိုအရပ်ရှည်ရှည် အသားဖြူဖြူလူကြီးဟာ ဘယ်သူလဲ... ကျွန်မကို သိပ်ပြီးကြည့်တာပဲ... အကြည့် ရဲတင်းလိုက်တာကလည်း လွန်ပါရော" စသဖြင့် မေးဝံ့မေးတတ်ကြသည်အထိ ဖြစ်ပါသည်။ ကျုပ်ကလည်း "ဟဲ့... အဲဒီလူကြီးကို သတိထားဟဲ့... အင်မတန်ဆိုးတဲ့လူ... သူ့ရည်းစားတွေက မှိုလိုပေါက်နေတာ "ကသစ်တိုင်း" မှာ တစ်ယောက် "ဒေါင်းစွန်" မှာ တစ်ယောက်... "ကွမ်းညှပ်စင်"မှာ တစ်ယောက်... ဘိုင်စကယ်တစ်စီးနဲ့ ရွာရိုးလျှောက်ပြီး ခွေးတောက်ရှက် ခူးနေတဲ့လူ... သူ့ကိုနည်းနည်းကလေးမှ မယုံလေနဲ့" ဟု ကလေးမများအား သတိပေးစကား ပြောရပါ၏။ သူတို့ကလေးတွေ၏ အစွမ်းကြောင့် ဇာတ်သဘင်အဖွဲ့ ဘည်ထောင်နိုင်သည်။ ထိုသဘင်အဖွဲ့ရှိနေ၍သာ ကျုပ်မှာလည်း ဝင်ငွေရှိရသည်။ ဘစ်ခါတစ်ခါတွင် သူတို့ကလေးတွေသည် ကျုပ်အား တောက်တိုမည်ရကလေးများကို ခိုင်းတတ်သည်။ ခိုင်းလျှင်လည်း စီးကရက်တစ်လိပ်၊ ကွမ်းတစ်ယာကအစ ကျေးဇူးတုံ့ပြန်ကြသည်။ တချို့သော ဇာတ်အဖွဲ့ဝင်များသည် ဇာတ်ခေါင်းပြန်၍ စုကြသောအခါ၌ သူတို့နယ်မှထွက်သော ပုစွန်ချဉ်ထုပ်မှအစ ပုန်းရည်ကြီးအိုးအထိ ကျုပ်အတွက် သီးခြားလက်ဆောင် ယူ၍လာတတ်ကြပါ၏။ ကျုပ်က သူတို့အား အသေးစိတ်ကိစ္စများတွင် မြို့ခံလူပီပီ တတ်အားသမျှ ကူညီသလို သူတို့တစ်တွေကလည်း ကျေးဇူးပြန်၍ သိတတ်ကြခြင်းပင်။

ဤမျှနှင့်ပင် ကျုပ်သည် သာမန်မောင်းသမားမျှသာ ဖြစ်သော်လည်း သူတို့တစ်တွေနှင့် စိမ်းကား၍မနေဘဲ၊ ဆွေမျိုးသားချင်း အရင်းအချာများသဖွယ် သွားလာဝင်ထွက် ဆက်ဆံနိုင်သူ ဖြစ်ပါ၏။ ထို့ကြောင့်ပင်လည်း စိန်မြကျင်နှင့် မောင်ချိုတို့၏ ဇာတ်လမ်းကို နီးနီးကပ်ကပ် တွေ့မြင်သိရှိနိုင်ခွင့် ရပါ၏။

တစ်ဖန် မောင်ချိုသည် ကျုပ်၏မျက်စိအောက်တွင် ကြီးပြင်းကာ လူလားမြောက်၍ လူပျိုပေါက်ကလေးဖြစ်ခဲ့သလို ဆရာညှာမှာလည်း ကျုပ်တို့မြို့ကလေးသို့ ရောက်လာစ အချိန်မှစ၍ ကျုပ်နှင့်သိကျွမ်းကာ ခင်မင်ရင်းနှီးသူဖြစ်လေရာ သူတို့သုံးဦး၏ အဖြစ်အပျက်ကို မသိချင်သော်လည်း မနေခဲ့ရပါဟု ဆိုချင်ပါသည်။

mgyoe.com

mgyoe.com


သူတို့ဇာတ်လမ်း အစမှာကား စိန်မြကျင် ကျုပ်တို့မြို့သို့ ရောက်သောနေ့ကစသည်ဟု ဆိုခဲ့သယောင် ရှိပါသော်လည်း စင်စစ်တကယ်တမ်း စသည်မှာကား စိန်မြကျင်တို့ ယိမ်းအဖွဲ့အတွက် ဇာတ်အဖွဲ့၏ စာရေးဆရာဦးသြဘာက ရေးသားပေးသော ယိမ်းသီချင်းသစ်တစ်ပုဒ်ကို ယိမ်းဆရာမကြီးဖြစ်သော ဘုံဘေပြန် ဒေါ်ခင်လေးက မန်ကျည်းစေ့များနှင့် ကကွက်ချပြီးပြီဖြစ်သဖြင့် စိန်မြကျင်နှင့် အခြားဇာတ်သမကလေး ရှစ်ယောက်၊ စုစုပေါင်း ကိုးယောက်သော မိန်းကလေးတို့ ယိမ်းစ၍ တိုက်သည့်နေ့ကဖြစ်ပါသည်။

စောစောဦး ရက်ပိုင်းများတုန်းက စိန်မြကျင်တို့နေသော ငှားအိမ်တွင် သီချင်းတိုက်သံ၊ ဆိုင်းသံ၊ ဗုံသံများကို ကြိုးကြားကြိုးကြား ကြားရစပြုသော်လည်း မောင်ချိုသည် ကောင်းစွာဂရုထားပုံမရ၊ သူ့စက်ဘီးကလေးနှင့် ဇာတ်အဖွဲ့နေသော အိမ်ရှေ့မှ သူ့သူငယ်ချင်းတစ်ယောက်နှင့်အတူ ဖြတ်၍ အမှတ်မထင် သွား၍နေပါသည်။ သို့သော် ယိမ်းသမကလေးများအားလုံး သီချင်းရကြပြီ ဖြစ်သဖြင့် ယိမ်းစ၍ တိုက်နေသောနေ့တွင် မောင်ချိုသည် ကျောင်းအားရက်ဖြစ်သဖြင့် အနီးအနားကသူနှင့် ညသင်တန်းတက်ဖက် သူ့သူငယ်ချင်းအိမ်သို့ ကျောင်းသင်ခန်းစာများကို ဆွေးနွေးရင်း ရောက်၍နေပါသည်။ ဆွေးနွေးပြီး၍ တခြားစကားများကို ပြောနေကြစဉ် ကျုပ်ကလည်း ဤနေ့ယိမ်းစတိုက်မည်ဖြစ်ကြောင်း သိနှင့်ထား၍ စိန်မြကျင်တို့နေသော အိမ်သို့သွားရင်း လမ်းပေါ်မှနေ၍ မောင်ချိုတို့ကိုမြင်ကာ အမှတ်မထင် ရည်ရွယ်ချက်မရှိဘဲ လှမ်း၍ နှုတ်ဆက်မိပါ၏။

"ဘယ်လဲဗျ... ကိုထွန်းမောင်ကြီး..."

မောင်ချိုတို့လူသိုက်က ကျုပ်အား ခင်မင်ရင်းစွဲရှိပြီး တစ်ရပ်တည်းသားတွေဖြစ်သောကြောင့် 'ကြီး' တစ်လုံးထည့်၍ ခေါ်ပါသည်။

"ယိမ်းတိုက်တာ သွားကြည့်မလို့ကွ..."

ကျုပ်က ဤသို့ အမှန်အတိုင်းပင် ပြန်ပြောလိုက်ပါသည်။ ထိုအခါ မောင်ချိုသည် သူ့သူငယ်ချင်းနှင့် တိုင်ပင်ပြီးနောက် "ကျွန်တော်တို့ရော လိုက်မကြည့်ရဘူးလားဗျ" ဟု မေး၏။

"ကြည့်ချင်လာလေကွာ ခက်တာမှတ်လို့... ငါလည်း အပါသားကပဲ..."

ကျုပ်က ခပ်ပေါ့ပေါ့တန်တန်ပင် ပြောလိုက်မိပါသည်။ ထိုစဉ်အခါက ပေါ့ပေါ့တန်တန် ကျုပ်ပြောလိုက်သော စကားသည် နောင်အခါတွင်မူ ဆရာညှာရော မောင်ချို

mgyoe.com

mgyoe.com


ပါ အကြီးအကျယ် ဒုက္ခရောက်စေရန် လမ်းခင်းလိုက်သော စကားဖြစ်ကြောင်း နောက်မှ သိလာရသဖြင့် ကျုပ်မှာ မောင်ချိုအား ထိုစဉ်အခါက ဖိတ်ခေါ်မိခြင်းကို ယခုအခါ၌ ပြန်၍တွေးမိလိုက်တိုင်း ကိုယ့်ကိုယ်ကိုယ် 'ငါမှားလေခြင်း၊ တကယ်လို့သာ ငါက မောင်ချိုကို ယိမ်းတိုက်တာကြည့်ဖို့ မခေါ်ရင် အခုဖြစ်ခဲ့ပြီးတာတွေဟာ ဖြစ်ချင်မှဖြစ်မယ်၊ ငါမိုက်တာ... ငါမိုက်တာ... ငါ အဲဒီလိုမိုက်မိလို့ မောင်ချိုခမျာရော ဆရာညွှာပါ ဒုက္ခလှလှ တွေ့ကြရလေတယ်" ဟု အပြစ်တင်နေမိပါ၏။ နာကြည်းမိပါ၏။ စိတ်မကောင်း အဖြစ်ကြီးဖြစ်ရပါ၏။ သို့သော် ယခုကား လွန်သည်တို့မှာ လွန်ခဲ့ပြီဖြစ်သောကြောင့် ကျုပ် ဘာမျှမတတ်နိုင်တော့။ "အေးလေ... ကံတရားအတိုင်း ဖြစ်ကြရတာပဲ... အဲဟိုတုန်းက ယိမ်းတိုက်တာကြည့်ဖို့ ငါမခေါ်ရင်လည်း မောင်ချိုနဲ့ စိန်မြကျင်တို့ တွေ့ဖို့ဟာကို တစ်ခုခုက တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ ဖန်တီးလာပေမှာပဲ။ ကံစီမံရာကို လူတိုင်းမလွန်သာဘူး" ဟုသာ ကိုယ့်စိတ်ကိုကိုယ် ဖြေဆည်ရပါတော့သည်။ စင်စစ်မူကား မောင်ချိုနဲ့ ဆရာညွှာတို့၏ အကြောင်းကို ကျုပ်တွေးလိုက်တိုင်း ဘယ်အခါမဆို စိတ်ဆင်းရဲခဲ့ရပါ၏။ ဥပေက္ခာတရားကို ဤနေရာတွင် လက်ကိုင်မထားနိုင်ရိုး အမှန်ပါ။ နောင်ကိုလည်း စဉ်းစားမိတိုင်း အလားတူစွာ စိတ်ဆင်းရဲရဦးမည်မှာ သေချာ၍ နေပါတော့သည်။

ဖြစ်ပုံကို ဆက်၍ပြောရဦးမည်။ ကျုပ်က လွယ်လွယ်ကူကူပင် ခေါ်သလို မောင်ချိုနှင့် သူ့သူငယ်ချင်းတို့ကလည်း လွယ်လွယ်ကူကူပင် ကျုပ်နှင့်အတူ လိုက်ခဲ့ကြပါသည်။ ဇာတ်အဖွဲ့တည်းခိုနေသော အိမ်သို့ရောက်သောအခါ၌ ဇာတ်ပိုင်ရှင် ဦးမောင်ကလေးရော အားလုံးစုံလင်စွာ ရှိနေကြသည်ကိုတွေ့ရပါ၏။ ဆိုင်းဝိုင်းကို အဆင်သင့်ပြင်၍ နေကြပါသည်။ ပတ်စာထည့်သူထည့်၊ နှဲအခင်စမ်းသူစမ်း စသည်ဖြင့် ရှိကြပါသည်။

ကျုပ်မှာ ဇာတ်အဖွဲ့နှင့် ရင်းနှီးသူ ဖြစ်သည့်အလျောက် နှုတ်ဆက်သူ မရှားသည့်ပြင် ဇာတ်မန်နေဂျာ ကိုဘဖြူက "လာဟေ့ ထွန်းမောင်ကြီး... ဟိုသူငယ်တွေကိုလည်း ဒီကိုခေါ်ခဲ့ကွာ..." ဟု ခုံတန်းလျားတစ်ခုတွင်ထိုင်၍ ပြောင်းဖူးဖက်လိပ်ကြီးကို သောက်လိုက်ရာက ခေါ်လိုက်ပါသည်။ သို့နှင့် ကျုပ်တို့တစ်သိုက်လည်း နေရာထိုင်ခင်း ကောင်းမွန်စွာ ရရှိကြပါသည်။ ရသော်လည်း ကျုပ်က မောင်ချိုနှင့်သူ့သူငယ်ချင်းတို့ကိုသာ နေရာယူစေပြီး ကျုပ်ကိုယ်တိုင်ကမူ စိန်မြကျင်တို့ လူသိုက်နှင့် သွား၍စကားပြောနေပါသည်။ ထိုအချိန်တွင် စိန်မြကျင်မှာ သနပ်ခါးဘဲကျားနှင့်

mgyoe.com

mgyoe.com


ဖြစ်သည့်ပြင် သားတော်ရပ်လို ပါးကွက်ဝိုင်းဝိုင်းကြီးများပင် တင်၍ထားလိုက်ပါသေးသည်။ ဆံထုံးကို ပူပုံပန်း ထုံးထားပြီး သရက်ထည်အင်္ကျီ၊ ပါတိတ်လုံချည် တစ်ပတ်နွမ်းကို ဝတ်ထားပါသည်။ လက်ဝတ်လက်စားဟူ၍လည်း လက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရန်နှင့် လက်ကောက်တစ်ရန်သာ ဝတ်ထားပါ၏။ မည်သို့ပင်ဖြစ်စေကာမူ စိန်မြကျင်မှာ ပင်ကိုကပင် မဂိုကုလားမ ချောသလို ချောလျက် နဖူးကား မေးသွယ်နှာတံပေါ်နှင့် ဖြစ်သည့်ပြင် တီတီတာတာ ပြောတတ်သော နှုတ်ခမ်းကလေးတွေမှာလည်း ကွမ်းမစားဘဲ နီရဲကာ အလိုအလျောက် မူတူတူကလေးတွေ ဖြစ်သဖြင့် သူ့အလှမှာ သနပ်ခါးဘဲကျားနှင့်ပင် ကိုးရိုးကားရားကလေး လှ၍နေသည်ဟုသာ ဆိုစရာဖြစ်၍နေပါတော့သည်။ ပင်ကိုလှသောသူများမှာ အဆင်အသွေး ရွေးစရာမလိုဘဲ ဘာကိုပင် ဝတ်စားဆင်ယင်စေကာမူ လှစမြဲသာ ဖြစ်ကြပါသည်။ ထိုအဆိုကို စိန်မြကျင်က ထောက်ခံနေဘိသကဲ့သို့ ရှိပါ၏။

"ဘယ်ကကောင်လေးတွေလည်း... ကိုထွန်းမောင်ကြီးရဲ့... ကျွန်မတော့ မြင်ဖူးသလိုလိုပဲ..."

စိန်မြကျင်က သူ့အနားသို့ ကျုပ်ရောက်သွားသောအခါ မောင်ချိုတို့ရှိရာသို့ မျက်လုံးဝေ့ကာကြည့်ရင်း မေးလိုက်၏။

"ခပ်တိုးတိုးပြောပါ ကလေးမရဲ့... မင်းက အခုမှ အသက်နှစ်ဆယ်ကျော်ရှိသေးတာ... မောင်ချိုနှင့် သူ့ သူငယ်ချင်းက ၁၇ နှစ်သားတွေ သူတို့ကို 'မောင်လေး' တွေလို့ သွားခေါ်မနေနဲ့ဦး... အထက်တန်းကျောင်းသားတွေကွဲ့... ဒီအနီးအနားမှာနေကြတယ်..."

ကျုပ်က စိန်မြကျင်ကို ခပ်တိုးတိုး ပြောလိုက်ရသည်။ ဤတွင် စိန်မြကျင်က ပြုံးစစနဲ့နှင့် မျက်စောင်းတစ်ချက်ချိတ်ကာ "အမယ်လေး... သူ့ဟာလေးတွေကဖြင့် လက်တောက်လောက်ကလေးတွေ ရှိသေးတယ်..." ဟု ဆိုလိုက်ပါသည်။

"ဒါပေမဲ့ ဒီလိုရှိသေးတယ်ကွဲ့... ဟောဟို လူချောချော မောင်ချိုဆိုတာကလေးက သူဌေးသား၊ မိဘက တော်တော်ကြီးကို ချမ်းသာတယ်... ဟိုဘက်ကဟာကတော့ သူ့သူငယ်ချင်း အရုပ်ဆိုးပေမဲ့ ပညာကောင်းတယ်..."

ကျုပ်က ဤကဲ့သို့ ပြောလိုက်ရသောအခါတွင် စိန်မြကျင်သည် မောင်ချိုကို စိုက်၍ကြည့်ပြန်ပါသည်။

မောင်ချိုမှာ ယောကျ်ားပီပီသသ ချောသောသူငယ်ဖြစ်သည်။ စိတ်သဘော

mgyoe.com

mgyoe.com


လည်း ကောင်းသည်။ မျက်နှာမှာ အစဉ်ထာဝရ ပြုံးနေသည်။ သူ့ သူငယ်ချင်းမှာ အရုပ်ဆိုးသည်။ အသားအတော်ညိုသည်။ ပိန်ပိန်ပါးပါးဖြစ်သည်။ ထို့ကြောင့် စိန်မြကျင်သည် မောင်ချိုကို ပိုမို၍ ဂရုစိုက်ဟန်ရှိသည်။ မောင်ချိုသည် ခုံတန်းလျားတွင် ထိုင်ရာက ကျုပ်နှင့် စိန်မြကျင်တို့ စကားပြောနေရာသို့ ခဏခဏလှမ်း၍ ကြည့်သည်ကို မြင်ရ၏။ စိန်မြကျင်က ပြုံးယောင်ယောင်မျက်နှာပေးနှင့် ပြန်၍ကြည့်လိုက်သော အခါမျိုးတွင် မောင်ချိုသည် ပြုံးတော့မယောင်ပြုပြီးမှ ရှက်ကိုးရက်ကန်းနှင့် တစ်ဖက်သို့ မျက်နှာလွှဲဖယ်၍ သွားတတ်ပါသည်။ လူပျိုဖြစ်ခါစအရွယ်မို့ သူစိမ်းမိန်းမပျိုတစ်ဦးက ခပ်ပြုံးပြုံးပြန်၍ စူးစိုက်ကြည့်ရှုခြင်း ခံရသောအခါ ခပ်ရှုံ့ရှုံ့ ဖြစ်၍သွားတတ်ခြင်း ဖြစ်ပါသည်။ သို့သော် မောင်ချိုသည် မကြည့်ချင် မြင်ချင်လျက်သားဆိုသလို စိန်မြကျင် ရှိရာသို့ကား အလစ်အလစ်တွင် တစ်ချက်တစ်ချက် မကြည့်ဘဲမနေနိုင်အောင် ဖြစ်၍နေ ရှာသည်ကို ကျုပ် အကဲခတ်မိပါသည်။ သို့သော် မိန်းကလေး ချောချောဆိုလျှင် လူပျိုပေါက်စတိုင်း ကြည့်လိုကြသည်ချည်းသာ ဖြစ်သောကြောင့် ကျုပ်သည် မောင်ချို နှင့်ပတ်သက်၍ ရှည်ရှည်ဝေးဝေး နောင်ရေးကို မတွေးတော့ဘဲ ခပ်အေးအေးပင် နေလိုက်မိပါ၏။ ရှေ့တစ်လျှောက်တွင် ကံတရားက ဆန်းဆန်းကြယ်ကြယ် မည်သို့ ဖန်တီး၍ လာမည်ဆိုသည်ကို ကျုပ်တို့လို သာမန်လူများ သိနိုင်ကြသည် မဟုတ်ပါ။

ဇာတ်ဆရာက "ကိုင်းဟေ့... အဆင်သင့်ပြင်ကြတော့... သီချင်းရော ရကြပြီ လား..." ဟု မေးလိုက်၏။ ဤမေးခွန်းမှာ "ဇာတ်တိုက်ကြပါတော့လား..." ဟု အမိန့်ပေးလိုက်သည်နှင့် မခြားပါ။

"ရပါပြီဆရာ... ဒီကနေ့ပဲ စပြီးတိုက်နိုင်ပါပြီ..."

စိန်မြကျင်က ဦးစီးခေါင်းဆောင်လုပ်၍ ပြန်ဖြေလိုက်ပါသည်။ ဇာတ်ဆရာက ယိမ်းဆရာမကြီး ဘုံဘေပြန် ဒေါ်ခင်လေးဆီသို့ တစ်ချက်လှမ်းကြည့်ပြန်ရာ ဒေါ်ခင် လေးသည် သူဝါး၍နေသော ကွမ်းဖတ်ကို သူ့အနီးရှိ ထွေးခံထဲသို့ ဖွားခနဲ ထွေးချလိုက် ပြီးသည့်နောက်တွင်မှ "ကိုင်း... ပထမဦးဆုံး ရှစ်ယောက်စလုံး မတ်တတ်ရပ် တန်းစီကြ ကန့်လန့်ကာ အပင့်ပြီးတဲ့အထိ ဆိုင်းက သူ့ဘာသာသူ တီးပေးလိမ့်မယ်... လေးဝါး ကျရင် လက်အုပ်ချီကြ၊ နောက်လေးဝါးအကျမှာ ညာဘက်က လေးယောက်က ရှေ့ကို ခြေလေးလှမ်းတိုး၊ နှစ်ဝါးအကျမှာ ရှေ့ရောက်နေတဲ့ ညာဘက်အစုက ဘယ်ဘက်ကို ရွေ့၊ နောက်တန်းက ညာဘက်ကိုရွေ့၊ အဲဒါက နောက်နှစ်ဝါး ရှေ့တန်းနဲ့နောက်တန်း လူချင်းမထပ်မိစေနဲ့ ရှေ့တန်းနှစ်ယောက်ကြားမှာ နောက်တန်းက ပေါ်နေပေစေ..."

mgyoe.com

mgyoe.com


အစရှိသည်ဖြင့် ကကွက်များကို ပြောနေ၏။

"စကြရအောင်ဟေ့..."

ဇာတ်ဆရာက လောဆော်လိုက်ပြန်သည်။ ယိမ်းကရမည့် သူများလည်း ဘုံဘော ပြန် ဒေါ်ခင်လေး၏ ညွှန်ကြားချက်များအတိုင်း တန်းစီလိုက်ကြလေသည်။

မောင်ချိုသည် သူ့သူငယ်ချင်းနှင့်အတူ ယိမ်းသမကလေးများနှင့် အထူးသဖြင့် စိန်မြကျင်ကို တငေးတမောကြီး ကြည့်၍နေ၏။ ယိမ်းမှာ ကိန္နရာယိမ်းဖြစ်ပြီး... အချစ် အကြောင်းကို ပယ်ပယ်နယ်နယ် ဖွဲ့ထားသော သီချင်းဖြစ်ပြီး ကွကြွရွရွလည်း ရှိလှပေ သည်။ ဘုံဘောပြန် ဒေါ်ခင်လေးက ကကွက်များကို တစ်ဆစ်ပြီးတစ်ဆစ် ကိုယ်တိုင် က၍ပြ၏။ ယိမ်းသမများက လိုက်၍ကကြရလေသည်။ ကကွက်တစ်ကွက်တွင် ကိန္နရီမကလေးများ ရှေ့ဆက်နောက်ဆက် ဇာတ်ခုံကို ပတ်လည်ဝိုင်း၍ ကကြရလေ သည်။ ထိုအခါ စိန်မြကျင်သည် ထိပ်ဆုံးကဖြစ်၍နေသည်။ ပတ်ချာလည်ဝိုင်း၍ ကရာ၌ စိန်မြကျင်သည် မောင်ချိုတို့ထိုင်နေသော တန်းလျားရှေ့ တစ်ပေခန့်အကွာမှ ကရင်း ဖြတ်၍သွားရလေရာ... မောင်ချိုမှာ ဖွတ်မေ့ပုတတ်မေ့ ငေးကာ ကြည့်နေသည် ဟုပင် ဆိုရမည်ဖြစ်သည်။ ယိမ်းတိုက်သည်ကို မမြင်စဖူးမြင်ရ၍ ကြည့်သည်ထက်... သူ၏ မျက်လုံးများမှာ နွဲ့ပျောင်းစွာ လှုပ်ရှားနေသော စိန်မြကျင်၏ တစ်ကိုယ်လုံးကို သိမ်းကျုံး၍ မျက်တောင်မခတ်ကြည့်နေသည်။ ပါးစပ်များပင် မပွင့်တပွင့် ဖြစ်နေသည်။ စိန်မြကျင်၏ မို့မောက်သောရင်မို့မို့မှာ မသိမသာ ခါ၍နေသည်။ သွယ်လျသော ခါး ကျင်ကျင်ကလေးကလည်း တနွဲ့နွဲ့နှင့်ဖြစ်သည်။ ပြည့်လုံးတင်းရင်းသော တင်သားအစုံ တို့မှာလည်း ကကွက်နှင့် ခြေလှမ်းလိုက်တိုင်း မြင်ရသူ အသည်းယားစရာ ဖြစ်၍နေသည်။

ကျုပ်သည် မောင်းသမားပီပီ ဇာတ်မင်းသမီး အမျိုးစုံတို့၏ ကဟန်လှုပ်ရှားဟန် များကို နီးကပ်စွာ မြင်ဖူးခဲ့ပေါင်း များလှပြီဖြစ်သည်။ ဖန်တေထ၍ ရိုး၍များပင် နေလောက်ခဲ့ပါသည်။ သို့သော် စိန်မြကျင်၏ ခါးနွဲ့ဟန်၊ တင်ယိမ်းဟန်၊ ပေါင်လွှဲဟန် များမှာ (လှပသည်) ဟု ဆိုရမည်ထက် (မက်စရာကောင်း) သည်ဟုသာ ဆိုရမည် ဖြစ်လေသည်။ ကျုပ်၏စိတ်တွင် ဤမျှအထိ မှတ်ချက်ချနေမိပါလျှင် အစိမ်းသက်သက် မျှသာဖြစ်သော မောင်ချို၏ စိတ်ထဲ၌ မည်သို့မည်ပုံ ရှိမည်ဆိုသည်ကို ကျုပ် ရိပ်စားမိ နိုင်ပါသည်။ သို့ရာတွင် မောင်ချိုသာမက အခြားသူနှင့် အရွယ်တူ လူပျိုပေါက်များ သည်လည်း အလားတူစွာဖြစ်ကြမည် ဓမ္မတာမို့ ကျုပ်သည် ရှေ့ရေးကို များများကြီး မစဉ်းစားခဲ့၊ ယိမ်းတိုက်၍ တစ်နာရီခန့်ကြာသောအခါတွင် ခေတ္တရပ်နားချိန်ပေးလိုက်ပါ

mgyoe.com

mgyoe.com

သည်။ ယိမ်းမှာ သီချင်းရပြီးသားလည်း ဖြစ်သည်။ ဘုံဘောပြန် ဒေါ်ခင်လေး၏ ကကွက်များကို စိန်မြကျင်တို့ လူသိုက်ကလည်း အကင်းပါး၍ နေပြီဖြစ်သောကြောင့် ခပ်မြန်မြန်ကလေးပင် ကျေလည်၍လာကြပါသည်။ ထမင်းစားပြီးမှ ပြန်၍ အချောကိုင်မည်ဟု ဇာတ်ဆရာက ပြောလိုက်ပါ၏။

ကျုပ်လည်း ရှေ့ဆက်ကြည့်လျှင်လည်း ပိုမို၍ အကြောင်းထူးမည် မဟုတ်မှန်း သိသဖြင့် အိမ်သို့ပြန်၍ ထမင်းစားရန် ဟန်ပြင်လိုက်ပါသည်။ သို့သော် မောင်ချိုတို့ကို လှမ်းမြင်မိသဖြင့် သူတို့အနီးသို့ ကပ်သွားကာ "ကိုင်းဟေ့... ငါတော့ ပြန်တော့မယ်... မင်းတို့ရော..." ဟု မေးလိုက်ပါသည်။ မောင်ချိုသည် ပြန်ချင်ပုံ မပေါ်သေး။ သို့သော် အရင်းခံလူဖြစ်သော ကျုပ်ကိုယ်တိုင်က ပြန်တော့မည်ဆိုသဖြင့် သူပါပြန်ရန် အကြောင်း ဖြစ်နေသည်။ မောင်ချို၏ သူငယ်ချင်းကမူ ချက်ချင်းပင် ထိုင်ရာမှထ၍ "အေးဗျာ... ပြန်ကြပါစို့... သူတို့ ထမင်းစားမှာက ဘယ်လောက်များ ကြာဦးမလဲမသိဘူး... ပြီးတော့ ကကွက်တွေကလည်း စုံလောက်ပါပြီဗျာ" ဟု ဆိုလိုက်သည်။ ဤတွင်မှ မောင်ချိုက လည်း "ဟုတ်သားပဲ" ဟုဆိုကာ ကြောင်၍ ထိုင်နေရာက ထလိုက်လေသည်။

ထိုအခိုက်အတန့်တွင် စိန်မြကျင်သည် ဆေးပေါ့လိပ်တစ်တိုနှင့် ကျုပ်တို့အနား သို့ ရောက်၍လာသည် "ဒီမှာရှင့် ကိုထွန်းမောင်ကြီး... ရှင်အခုပြန်တော့မလို့လား" ဟု မေးလိုက်သည်။ ကျုပ်က "အေး ပြန်တော့မယ်..." ဟု ဖြေလိုက်သောအခါ "ရှင်... ညပိုင်းကျတော့ လာဦးမှာလား..." ဟု မေးပြန်ပါသည်။ "ဆိုစမ်းပါဦး" ဟု ကျုပ်က မေးလိုက်သောအခါတွင် စိန်မြကျင်က သူ့ ဆေးပေါ့လိပ်တိုကို နောက်ဆုံး တစ်ဖွာအနေမျိုးဖြင့် ဖွာလိုက်ရာ ဆေးလိပ်က ဆားပေါက်သဖြင့် ဖျစ်ဖျစ်မြည်ကာ မီးပွားများ လွင့်စဉ်သွား၏။ မီးပွားငယ်တစ်ခုမှာ အနီးတွင် ရပ်လျက်သားရှိ၍နေသူ မောင်ချို၏ ပုဆိုးခါးပုံစပေါ်သို့ ကျသွားလေရာ စိန်မြကျင်သည် မောင်ချို၏ပုဆိုးစကို လှမ်း၍ပုတ်ရာက "မတော်လို့ကွယ်... မတော်လို့ စိတ်မဆိုးနဲ့နော်... မောင်လေး" ဟု အားနာပြုံးကလေးပြုံးကာ တောင်းပန်စကား ပြောကြားလိုက်ပါသည်။ မောင်ချိုက လည်း သူ့ပိုးပုဆိုးလေးကို မီးပေါက်မည်စိုးသောစိတ်နှင့် ခါးပုံစကိုပင် အမှတ်မထင် ပုတ်လိုက်ရာ စိန်မြကျင်၏လက်နှင့် ခိုက်မိသွား၏။ ဤအခါတွင် မောင်ချို၏ပါးစပ်မှ "ကိစ္စ... ကိစ္စမရှိပါဘူး" ဟူသော စကားသည် အထစ်ထစ်အငေါ့ငေါ့နှင့် ထွက်၍လာ ၏။ စိန်မြကျင်သည် မောင်ချို၏ ပုဆိုးခါးပုံစကလေးကို ရဲရဲတင်းတင်းပင် ကိုင်တွယ်၍ အပြန်အလှန် ကြည့်ပြီးနောက် "တော်ပါသေးရဲ့ကွယ် မီးမပေါက်သေးဘူး၊ မှန်း...

mgyoe.com

mgyoe.com


ဟာ... နည်းနည်းတော့ မီးကျွမ်းတဲ့အရာကလေး ထင်သွားတယ်၊ အားနာစရာကောင်း လိုက်တာ မောင်လေးရယ်" ဟု ပြောနေလေရာ မောင်ချိုမှာ ဘာမျှပြန်မပြောတတ်သလို စိန်မြကျင်၏ မျက်နှာကိုသာ ငေး၍ကြည့်နေ၏။ စိန်မြကျင်က ရုတ်တရက် လျှပ်ပြက် သလို ကြည်လင်စွာပြုံးလိုက်ပြီး မောင်ချို၏ ပခုံးစွန်းကို သူ့လက်ညှိုးဖြူဖြူကလေးနှင့် မထိတထိ တို့ကာထောက်ရင်း "စိတ်မဆိုးဘူးနော်..." ဟု မေးလိုက်သောအခါ မောင်ချို သည် စိန်မြကျင်၏အသားနှင့် ထိရသည့်အတွက် လျှပ်စစ်ဓာတ်လိုက်ခြင်း ခံရသူပမာ ပခုံးတစ်ချက် တွန့်ခနဲဖြစ်သွားပြီးလျှင် ပါးစပ်မှလည်း "အဲ... ဟုတ်ကဲ့... ဟာ... မဟုတ်ပါဘူး" ဟု ပြောမိပြောရာ ပြောနေပြန်သည်။ သူ့စကားကို ကြားရသောအခါ စိန်မြကျင်က ဆည်းလည်းသံသာကလေးမျိုးနှင့် ရယ်၍ "ဘာလဲကွဲ့... မောင်လေးက မြကို လျော်ကြေးတောင်းရမှာ အားနာနေလို့များလားကွဲ့" ဟု နောက်ရွှတ်ရွှတ်ကလေး ပြောနေပြန်သည်။ မောင်ချိုသည် သူ့အား "မောင်လေး" ဟု ခေါ်ဝေါ်လိုက်ပြီး စိန်မြကျင်က သူ့ကိုယ်သူ "မြ" ဟု သုံးနှုန်းလိုက်သည်ကို ရင်ဖို၍ သွားရဟန်တူသည်။ မောင်ချို၏ အသက်ရှူပုံမှာ အနည်းငယ်ပို၍ ပြင်းထန်လာသည်ကို ကျုပ်အနီးတွင် ဖြစ်နေ၍ ကျုပ်သိပါသည်။

မောင်ချိုသည် ကြောင်သလိုဖြစ်နေပြီးကာမှ "မတောင်းပါဘူးဗျာ" ဟု လေးလေး ကြီး အသံအောအောနှင့်ပြောသည်။ ကြီးကောင်ဝင်ပြီဖြစ်၍ သူ့အသံမှာ ကလေးသံနှင့် မတူတော့ချေ။ မောင်ချို့သူငယ်ချင်းက မောင်ချိုကိုကြည့်ကာ မချင့်မရဲ ဖြစ်နေပုံရ၏။ အိမ်ကိုပြန်ချင်၍လား၊ မောင်ချို စကားထစ်နေ၍လား မပြောတတ်ပေ။

စိန်မြကျင်သည် မောင်ချိုနှင့် စကားပြောရာက ကျုပ်ဘက်သို့လှည့်လာကာ "ဒီမှာ ကိုထွန်းမောင်ကြီး၊ ရှင် ထမင်းစားပြီးလို့ ပြန်လာရင် ကျွန်မဖို့ ပြည်တော်သုံး မတင်တင် ဆေးပေါ့လိပ် နှစ်ပြားဖိုး သုံးလိပ်တန် တစ်မူးဖိုးလောက် ဝယ်ခဲ့စမ်းပါနော်" ဟု ပြောရင်းဆိုရင်း သူ့ခါးကြား ထဘီအထက်ဆင်အောက် ဘော်လီအိတ်ကို နှိုက်ကာ ဂျော့ဘုရင် တံဆိပ်ခေါင်းနှင့် လေးထောင့်မူးစေ့ တစ်စေ့ကို ထုတ်ပေးသည်။ ခါးကလေး တစ်ဖက်ဆန့်၍ သူ ပိုက်ဆံနှိုက်နေပုံကလေးကိုပင် မောင်ချိုက တငေးတမော လိုက် ကြည့်နေသည်။ စိန်မြကျင်၏ သရက်ထည်အင်္ကျီမှာ ပခုံးမြင့်သွားသည့်ဘက်က အထက်သို့ တက်၍သွားလေရာ အတွင်းမှ ဇာဘော်လီဖွေးဖွေး ပေါ်၍လာသည်။ ထိုမျှ မကသေး၊ ခါးစောင်းက အတွင်းသားဝင်းဝင်းကလေးများပါ လက်တစ်လုံးခန့် ပေါ်လာ ၏။ စိန်မြကျင်၏လက်ဝဲဘက်က ဇာဘော်လီအိတ်ကို အောက်ဘက်မှပင့်ပေးနေရာ

mgyoe.com

mgyoe.com


သူ၏ ဖြူဖွေးပြည့်ဝသော လက်ချောင်းကလေးများမှာ အထက်ဆင့်အနက်ပေါ်၌ ထင်းထင်းဝင်းဝင်း ပေါ်၍နေသည်။ လက်သူကြွယ်က လက်စွပ်ကလေးကလည်း ပြိုးပြက်နေသည်။ ထိုအခြင်းအရာတို့ကို မောင်ချိုသည် ငေးစိုက်ကြည့်နေသည်။ သူသည် စိန်မြကျင်ကို ဤမျှနီးကပ်စွာ ပထမဦးဆုံးအကြိမ် တွေ့မြင်ရခြင်းဖြစ်သည်။ စိန်မြကျင်မှာ အဝေးကြည့်သော ချောမောသူမဟုတ်၊ အနီးကပ်၍ စေ့စေ့အကြည့်လည်း ခံသူဖြစ်လေရာ၊ မောင်ချိုသည် စိန်မြကျင်၏အလှတွင် များစွာ စိတ်ဝင်စားနေပုံမှာ သူ့ မျက်နှာထားက အထင်အရှား သက်သေခံ၍ နေလေသည်။ အထူးသဖြင့် ကျုပ်တို့ကဲ့သို့ ပွန်းပွန်းနေထိုင်ကြရသော သူများမှာ မောင်ချို၏စိတ်သည် အဘယ်နေရာသို့ ရောက်၍နေသည်ကို ကောင်းကောင်းကြီး သိနိုင်ကြသောသူများ ဖြစ်ကြပေသည်။ သို့သော် အငြိမ့်မင်းသမီး၊ ဇာတ်မင်းသမီးများကို နံ့သာတင်၍ ဇာတ်စင်ပေါ်တွင် မီးအဆင်ကို သူတို့ကကြည့်၍ ကကြသောအခါ၌ အလှဆုံးအမူအရာ အကောင်းဆုံးတို့ကို တမင်တကာ ပြုလုပ်ပြသခိုက်တွင် မြင်ကြသည်။ အလုပ်မှကင်း၍ နေ့လယ်နေ့ခင်းတွင် ပစ်စလက်ခတ် ဖြစ်ကတတ်ဆန်းနေကြသည့် အခါမျိုးတွင်မူကား တရုတ်ကြီးပြောသလို "ညမှာဆိုရင် စားဂျင်လယ်… နေ့ခင်းဆိုတော့ အန်ဂျင်လယ်" ဆိုသောသူများ ဖြစ်ကြသည်။ သို့သော် စိန်မြကျင်၏ အဖို့မူကား… နေ့ခင်းရော ညရော တစ်မျိုးတစ်ဖုံစီ လှပသောသူဖြစ်လေရာ စိန်မြကျင်လို ကလေးမတစ်ယောက်အတွက်နှင့် ပတ်သက်၍ မောင်ချိုသည် စိတ်မလှုပ်ရှားဘဲ နေနိုင်မည်မဟုတ်။ ထိုအချက်ကို ဇာတ်အဖွဲ့တည်းခိုနေသောအိမ်နား၌ မောင်ချိုကို မကြာခဏတွေ့နေရခြင်းက သက်သေခံလျက်ရှိလေသည်။

မပြောမပြီး မတီးမမြည်ဆိုသော စကားအတိုင်း ပြောရမည်ဖြစ်သည်။ မောင်ချိုလို လိမ္မာရေးခြားရှိသော သူငယ်ကလေးတစ်ယောက် ဇာတ်ပွဲနား၍ ယိမ်းတိုက်နေသောအိမ်မှာ ခဏခဏတွေ့ရခြင်းကို ကျုပ်တော့ သိပ်မကြိုက်ချေ။ အထူးသဖြင့် မောင်ချိုနှင့် စိန်မြကျင်တို့ တစ်ဦးနှင့်တစ်ဦး ယဉ်ပါး၍လာကြခြင်းကို မနှစ်မြို့လှ။ မောင်ချိုမှာ လူငယ်လည်းဖြစ်သည်။ ကျောင်းသားအရွယ်မို့ ပညာကို ဂရုစိုက်ရမည့် အချိန်ပေည်း ဖြစ်သည်။ ဇာတ်အိမ်တွင်လာ၍ အချိန်ဖြုန်းနေသည်မှာ မကောင်းလှချေ။ အထူးသဖြင့် စိန်မြကျင်လို ဇာတ်မင်းသမီး ရှစ်စပ်ကလည်သူနှင့် အရောတဝင်ဖြစ်၍ လာခြင်းကို ကျုပ်တို့ သဘောမကျလှပါ။ သို့သော်လည်း ကျုပ်သည် ရပ်ဆွေရပ်မျိုးအနေမှလွဲ၍ မောင်ချိုကို ဘာမှပြောပိုင်ခွင့်ရှိသူမဟုတ်။ ပြော၍ကြိုက်ပါလျှင် တော်သေး၏။ မကြိုက်ပါက ကျုပ်သာလျှင် မောင်ချို၏ မုန်းတီးခြင်း အဖတ်တင်ခံရပေမည်။

mgyoe.com

mgyoe.com


မည်သို့ပင်ဖြစ်စေကာမူ... ကျုပ်သည် မောင်ချို့အား ခင်မင်ရင်းစွဲရှိသောသူ ဖြစ်လေရာ သူ့အား သတိပေးစကား ပြောကြားဦးမှ တော်တော့မည်ဆိုသော အချက်ကိုတော့ စိတ်ထဲ၌ တေး၍ထားမိသည်။

များမကြာမီပင် ကျုပ်သည် မောင်ချို့နှင့်ပတ်သက်၍ စကားအေးအေးပြောစရာ အခွင့်အလမ်းကြုံ၍လာသည်။ တစ်နေ့တွင် ကျုပ်သည် မောင်းခတ်ပြီးနောက် တာဝန်ကျေပွန်ပြီဖြစ်ဖြင့် ဈေးထဲက လက်ဖက်ရည်ဆိုင်သို့ လက်ဖက်ရည်တစ်ခွက် အမောပြေသောက်ရန် လျှောက်သွားသည်။ အလောတော်ပင် မောင်ချို၏သူငယ်ချင်းကို တွေ့ရသည်။ သူက သူထိုင်နေသော စားပွဲသို့ခေါ်ရင်း လက်ဖက်ရည်မှာ၍ တိုက်သည့်ပြင် "ဘယ့်နှယ်လဲဗျ... ကိုထွန်းမောင်ကြီးရ၊ မောင်ချိုတစ်ယောက်တော့ အရူးကို အမဲသားကျွေးမိတော့ နွားမြင်တိုင်း လက်ညှိုးထိုးပြဆိုတာမျိုး ဖြစ်နေပါပကော၊ မောင်ချိုတော်တော်ပျက်စီးနေပြီဆိုပဲဗျ" ဟု စကားစလိုက်၏။

ကျုပ်က မသိဟန်ဆောင်၍ "ဟ... ဘာဖြစ်လို့လဲကွ၊ ငါတို့တော့ ဘာမှမသိရပါကလား" ဟု ပြန်ပြောလိုက်သောအခါ မောင်ချို့သူငယ်ချင်းက "ဘာ... ခင်ဗျားမသိရမှာလဲ၊ ကျွန်တော်နဲ့မောင်ချိုကို စိန်မြကျင်ဆီ လက်ဦးဆုံးခေါ်သွားတာ ခင်ဗျားပဲမဟုတ်လား" ဟု ပြန်၍ပက်လိုက်၏။ ကျုပ်က "ငါနဲ့မဆိုင်ပါဘူးကွာ... မင်းတို့ကပဲဇာတ်တိုက်တာ ကြည့်ချင်လှပါချင်ရဲ့ဆိုလို့ ငါက ခေါ်သွားရတာပဲ ပြီးတော့ ဇာတ်တိုက်တာကို မင်းတို့လို လာပြီးတော့ ကြည့်တဲ့လူတွေကလည်း ဒုနဲ့ဒေးပါကွာ... ငါမခေါ်လည်း မင်းတို့ဘာသာမင်းတို့ သွားပြီးကြည့်ကြမှာပဲ မဟုတ်လား..." ဟု ပြန်၍ဆင်ခြေကန်လိုက်ပြန်ပါသည်။

"ဘာပဲဖြစ်ဖြစ် မပြေးသော် ကံရာရှိဆိုသလိုတော့ ဖြစ်နေပြီပေါ့ဗျာ... ခင်ဗျားပဲမောင်ချိုနဲ့ စိန်မြကျင်ကို မိတ်ဆက်ပေးခဲ့တယ်... အခုတော့ ခင်ဗျားလူ ထွန့်ထွန့်လူးနေပြီဗျ... ကျွန်တော်နဲ့က ရင်းနှီးလေတော့ လူချင်းတွေ့ရပြီဆိုရင်ပဲ စိန်မြကျင်ရဲ့အကြောင်းကိုချည်း ပြောနေတော့တယ်။ ခက်ပါတယ်ဗျာ မောင်ချိုတစ်ယောက်အတွက်ကတော့ ခက်တယ်။ ဘယ်လိုလုပ်ရမှန်းလည်း မသိဘူး။ သတိပေးစကား ပြောရတာကလည်း ကိုယ်ရင့်နေတူကြီးဆိုတော့ တစ်ခါနှစ်ခါပဲ ကောင်းတယ်... ပြောရလွန်းအားကြီးတော့ အရာမထင်ဘဲ လူချင်းမုန်းရတာသာ အဖတ်တင်မှာပဲဗျ..."

မောင်ချို့သူငယ်ချင်းက လေရှည်ကြီး လျှောက်ပြောနေပြန်သဖြင့် သူပြောသည့်အတိုင်းလည်း မှန်သည်။ သူတို့လူငယ်ချင်းချင်း ပြောနေကြခြင်းသည် ရွယ်တူဖြစ်၍

mgyoe.com

mgyoe.com

လူလည်လုပ်ရာကျကာ နောက်ဆုံး၌ အချင်းချင်း သဘောကွဲလွဲစရာသာ ဖြစ်၍လာပေလိမ့်မည်။ ခင်မင်ရင်းနှီးသူအချင်းချင်း ကွဲကြပြဲကြဖို့မှာလည်း မကောင်းလှပေ။ ငယ်သူငယ်ချင်းတွေလည်း ဖြစ်ကြသည် မဟုတ်ပါလား။

"အေးကွာ... မင်းပြောမယ်ဆိုရင်လည်း ပြောစရာတော့ ဖြစ်နေပြီ။ ငါကတော့ မင်းတို့ အပျင်းပြေပါစေတော့ဆိုပြီးတော့ ခေါ်သွားမိတာကိုးကွ... အခုလို အစရှိ အနှောင်နှောင်ဆိုတာမျိုး ဖြစ်လိမ့်မယ်မှ မထင်ခဲ့ပဲ။ ဒီတော့ကွာ... ငါလည်း မောင်ချိုနဲ့ တွေ့တဲ့အခါကျရင် ကြည့်ပြီးတော့ ပြောပါဦးမယ်... မင်းလည်း ကြည့်ပြီးပြောဦး ဟုတ်လား..."

ကျုပ်က ဤကဲ့သို့ စကားပြေလည်အောင် ပြောရသည်။ မောင်ချို့သူငယ်ချင်းက "မောင်ချိုဆိုတဲ့အကောင်က ဘာပဲဖြစ်ဖြစ် ဖြစ်လိုက်မိရင် အင်မတန် သဲသဲမဲမဲနိုင်တာဗျ။ ကစားခုန်စားမှာလည်း ရှုပ်ရှုပ်ချွံချွံ၊ စာသင်ရာမှာလည်း သေသေကျေကျေပဲဗျ။ ဟောဒီကိစ္စမှာလည်း ဒီအကောင် အရှူးအမူးပဲဗျ... အင်မတန် ခက်တဲ့အကောင်... ခင်ဗျားပြောတာက နောက်ကျနေသေးတယ်။ ကျွန်တော်က သူ့ကို ဟိုတစ်နေ့တုန်းက တောင် စကားစပ်မိလို့ ရိပ်ဖမ်းသံဖမ်းတော့ ပြောမိပါသေးတယ်... ငနဲက သိပ်ပြီး ခကျနပ်ပုံမရဘူး... သူ့ကိုယ်ရေးကိုယ်တာကိစ္စမို့ ဘယ်သူမှ ဝင်ပြောစရာ မလိုသလိုလို ခပ်ချိတ်ချိတ် ပြန်ပြောသွားတယ်ဗျ။ ဒါနဲ့ ကျွန်တော်လည်း ဆက်ပြီးမပြောတော့ပါဘူး။ မဆီမဆိုင် လက်ပံသားကို ဓားနဲ့ချိုင်ဆိုသလို အလကား ကြားထဲကဝင်ပြောမိတာနဲ့ ချစ်ပြီးသား သူငယ်ချင်းချင်း မုန်းရမှာကို စိုးမိတယ်။ ဒီတော့ ခင်ဗျားတတ်နိုင်ရင် မောင်ချိုကို ကြည့်ပြောပါဦးလေ...။ ခင်ဗျားက လူကြီးဆိုတော့ ပိုပြီးပြောရဆိုရတာ တင့်တယ်တာပေါ့...။ ကျွန်တော်တို့ လူငယ်အချင်းချင်း ပြောရမှာက သိပ်မကောင်းဘူး မဟုတ်လား..."

မောင်ချို့ သူငယ်ချင်းက ပြောသည့်စကားမှာ မှန်သည်။ မောင်ချိုကို စိန်မြကျင်နှင့် မိတ်ဆက်ပေးမိသူမှာ ကျုပ်ပင်တရားခံဖြစ်၍ နေလေရာ မောင်ချိုကို သတိပေးရန်မှာ ကျုပ်တာဝန်တစ်ခု ဖြစ်နေသည်ကို ကျုပ် သတိထားမိပါ၏။ တစ်ရပ်တည်းသား အနေသာ တာဝန်ရှိသည်မဟုတ်၊ သို့ဖြစ်၍ ကျုပ်က "အေးကွယ်...မောင်ချိုနဲ့ ငါနဲ့ တွေ့ရင် တတ်နိုင်သလောက်တော့ ပြောပါ့မယ်... ကဲ လက်ဖက်ရည်အေးတော့မယ်... သောက်လိုက်ကြဦးစို့" ဟု စကားကို အစသိမ်းလိုက်ရပါသည်။

အခန့်သင့်ပင် မောင်ချိုအား နောက်နှစ်ရက်လောက်အကြာ၌ လမ်းတွင် တွေ့ရ
mgyoe.com

mgyoe.com


သည်။ မောင်ချိုသည် ဝတ်ကောင်းစားလှကလေးဝတ်ကာ ဘိုင်စကယ်ကို ခပ်ကြော့ကြော့ စီး၍လာသည်။ ကျုပ်မှာ စိန်မြကျင်တို့ နေသောအိမ်သို့ ဓာတ်ဆရာနှင့် ကြော်ငြာ တိုင်ပင်ရန် အသွားဖြစ်သည်။ လမ်းခုလတ် စာသင်ကျောင်းထောင့်၌ တွေ့ကြရသော အခါ မောင်ချိုကပင် စတင်၍ "ဟေး... ကိုထွန်းမောင်ကြီး... ဘယ်လဲဗျ" ဟု နှုတ်ဆက် သည်။ သူသည် ကြည်လင်ရွှင်ပျ၍နေသည်ကို ကျုပ် အကဲခတ်လိုက်မိပါ၏။

"ထုံးစံအတိုင်းပေါ့ မောင်ချိုရာ၊ မနက်ဖြန် မောင်းခတ်ဖို့ကိစ္စ ဓာတ်ဆရာနှင့် တိုင်ပင်ရအောင် သွားရမှာကွ... နို့... မင်းရော ဘယ်ကပြန်လာတာလဲကွ... မင်း သူငယ်ချင်းအိမ်က စာမေးပြီး ပြန်လာတာလား..."

ကျုပ်က သူ စိန်မြကျင်တို့အိမ်ဘက်က ပြန်လာမှန်း တစ်ဝက်တစ်ပျက် ရိပ်မိ လျက်နှင့်ပင် မသိဟန်ဆောင်ကာ မေးလိုက်ရသည်။

ထိုအခါ မောင်ချိုက "ကျွန်တော် မမမြကို လက်ဆောင်ကလေးတစ်ခု သွားပေး ပြီးတော့ ပြန်လာတာဗျ။ မမမြနဲ့ ကျွန်တော်နဲ့ အခုတော်တော်ကလေး ခင်နေပြီဗျ... မနေ့တုန်းက သူနဲ့တွေ့တော့ နှင်းဆီပန်း လှလှပပများတွေ့ရင် ဝယ်ပေးစမ်းပါဆိုလို့ မြောက်ဘက်တန်းက ပန်းခြံမှာသွားဝယ်ပြီး ပေးရတာ" ဟု ခပ်ကြွားကြွားကလေး ပြန်၍ပြောလိုက်ပါသည်။ ကျုပ်၏စိတ်တွင်ကား "အင်း... ခက်ချေပြီ" လို့တွေးပြီးတော့ ယခင်ကထက် စိုးရိမ်စိတ်ပွားများလာရသည်။ ထို့ကြောင့်ပင်လည်း "အေး... သိပ်ပြီး တော့လည်း အလည်မကြှုံးနဲ့ဦး... စာကိုလည်း ဂရုစိုက်ပြီးကြည့်ပါဦး၊ ကျောင်းသားဆို တာ ကျောင်းသားနဲ့တူအောင်နေမှ ကောင်းသကွ" ဟု စကားဦးသန်းလိုက်ခါမျှရှိသေး... မောင်ချိုက "ကျွန်တော် နားလည်ပါတယ်ဗျ။ အခု ကျောင်းစာတွေက အစရှိပါသေး တယ်... ပြီးတော့ ကျွန်တော် နှစ်တိုင်း အတန်းထဲမှာ ပထမရတဲ့လူပါဗျ... မစိုးရိမ်ပါနဲ့" ဟု ပြုံးထေ့ထေ့ ပြန်၍ပြောသည်။ ကျုပ်၏ သတိပေးစကားကို သူနည်းနည်း မခံချင် စိတ်နှင့် မကျေမနပ် ဖြစ်ပုံရသည်။ ကျုပ် ရိပ်မိပါ၏။ ထို့ကြောင့်ပင် "အေးကွာ... တို့ကတော့ မင်းတို့တစ်တွေ ပညာတတ်ပြီးတော့ ရာထူးရာခံတွေနဲ့ ကြီးပွားတာကို မြင်ချင်လို့ပြောတာပါကွာ။ အထူးသဖြင့် မင်းက တော်လေတော့ မြို့ရဲ့ကျက်သရေ ဆောင် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာရင် တို့မြို့သားဆိုပြီးတော့ ဂုဏ်ယူရတာပေါ့ကွ... မဟုတ်ဘူးလား" ဟု သူ့အကြိုက်ကိုလိုက်၍ ခပ်ပင့်ပင့်ကလေး ပြောပေးလိုက်ရပါ၏။ သည်တော့မှ မောင်ချိုလည်း ကျေနပ်သွားဟန်ဖြင့် "ကြည့်ပါဗျာ... ကျွန်တော့် အကြောင်း အချိန်တန်တော့ နပိန်ကန်ပေလိမ့်မပေါ့" ဟု ရင်ကော့ကော့နှင့် ပြောနေပြန်

mgyoe.com

mgyoe.com


သည်။ ကျုပ်၏ စိတ်ထဲတွင် ထိခိုက်ရပြန်ပါ၏။ မောင်ချိုသည် ယခင်က အကြွားအဝါ မဖက်ဘဲ၊ ရိုးရိုးနေရိုးရိုးစား စာကြိုးစားသူကလေး ဖြစ်သည်။ ယခုမူကား သူသည် စိတ်ဓာတ်အနည်းငယ် ယိမ်းယိုင်စပြုသည်ဟု ကျုပ် ထင်သည်။ ဧကန္တ စိန်မြကျင်က သူ့အား မြှောက်လုံးပင့်လုံးကလေးတွေ သွင်း၍ ယင်းသွင်းနေပြီဟု ကျုပ်ထင်သည်။ ထင်သည့်အတိုင်းလည်း မှန်သည်ဟု ဆိုစရာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်...

ကျုပ်သည် မောင်းခတ်ရန်ကိစ္စနှင့် ပတ်သက်၍ စိန်မြကျင်တို့ တည်းခိုနေထိုင်သောအိမ်သို့ ရောက်သောအခါ ဇာတ်ဆရာ အပြင်သို့ ခဏထွက်သွားကြောင်း၊ ကျုပ်ကိုစောင့်နေဖို့ မှာသွားကြောင်း သိရသဖြင့် ခုံတန်းလျားတွင် ခဏထိုင်၍ စောင့်နေရသည်။ ကွမ်းကြိုက်တတ်သူ ဖြစ်သောကြောင့် အသင့်တွေ့ရသော ကြေးကွမ်းအစ်မှ ကွမ်းများကိုယူကာ ထုံးသုတ်နေစဉ် စိန်မြကျင်သည် နောက်ဖေးဆောင်မှ ထွက်လာသည်ကို တွေ့ရ၏။ ဇာတ်မင်းသမီးပီပီ ညနေပိုင်း ရေမိုးချိုးပြီးစဖြစ်၍ သူ့တစ်ကိုယ်လုံးမှာ အလှပြင်၍ထားပြီး ဖြစ်သည်။ ကြော့ကြော့မော့မော့ကလေး လှ၍နေသည်။ စွဲမက်လောက်စရာကောင်းသော ရုပ်ရည်ရူပကာယနှင့် ပြည့်စုံသူပီပီ ဆင်တိုင်းယဉ်၍ ပြင်တိုင်းထွက်အောင် နဂိုနဂိုဏ်းရှိသူလည်းဖြစ်သည်။ ကျုပ်ထိုင်နေသည်ကို မြင်သောအခါ စိန်မြကျင်သည် ကျုပ်ထိုင်နေသည့် ခုံတန်းလျားတွင် လာ၍ထိုင်ရင်း "ဘယ့်နှယ်လဲ ကိုထွန်းမောင်ကြီး" ဟု အစအဆုံးမရှိသော စကားဖြင့် နှုတ်ဆက်သည်။ သူ့နှုတ်ခမ်း တွတ်တွတ်ရဲနှင့် သူကြိုက်တတ်သော ပြည်တော်သုံး မတင်တင်ဆေးလိပ်ကို ဖွာ၍ နေသည်။ ခုံတန်းလျား၌ ထိုင်ရာတွင် ရိုးရိုးမထိုင်၊ ထဘီအောက်စကို သိမ်းလိုက်ကာ ခြေတစ်ဖက်တင်၍ထိုးသဖြင့် သူ့ခြေကျင်းတစ်ဖက်မှာ အဝင်းသားပေါ်နေသည်။ သူ့ခြေသလုံးသားကလည်း ရွှေရောင်နှင့် အလှပြိုင်ကာ အဝင်းသားပင်ဖြစ်၍နေ၏။ သူထိုင်နေပုံမှာ မိန်းမထိုင်မဟုတ်သော်လည်း ပင်ကိုလှသောသူပင်ဖြစ်၍ ကြည့်လို့တော့ အကောင်းသားဟု ဆိုရမည်လားမသိပေ။ အကျည်းတန်ရခြင်းကား မရှိရိုးမှန်လေသည်။

စိန်မြကျင်ကို သေသေချာချာ ကြည့်မိသောအခါ၌ သူ့ခေါင်းတွင် ကရမက်နှင်းဆီရဲရဲကြီးတစ်ပွင့်ကို ပန်ထားသည်ကို မြင်မိ၏။ "အင်း... မောင်ချို လက်ဆောင်ဆက်ခဲ့တဲ့ ပန်းပေပဲ" ဟု ကျုပ်စိတ်က တွေးမိသည်။

မနေနိုင်မထိုင်နိုင်နှင့် ကျုပ်က "စိန်မြကျင် ပန်ထားတဲ့ နှင်းဆီပွင့်က တယ်ပြီး လှပါကလား... ဘယ်ကရသလဲ..." ဟု ရုတ်တရက် မေးလိုက်မိသည်။ ထိုအခါ စိန်မြကျင်က ဆေးပေါ့လိပ်ကိုဖွာရင်း နှင်းဆီရောင်နှုတ်ခမ်းကို မပွင့်တပွင့် ချစ်စဖွယ်

mgyoe.com

mgyoe.com

ပြုံးကာ "ဒီလိုပေါ့... ကိုထွန်းမောင်ကြီးရဲ့... ချစ်တဲ့လူက ပေးတာပေါ့" ဟု မျက်နက်ကလေး ထောင့်ကပ်ကြည့်ရင်း ပြောသည်။ ခါတိုင်းလိုသာဆိုလျှင် ကျုပ်အဖို့၌ ဒီစကားသည် ဘာမျှထူးခြားမည်မဟုတ်၊ ဇာတ်သဘင်သည်ထဲမှ လူများသည် အပြောင်အရွှတ်ပြောတတ်ကြသည်သာဖြစ်သည်။ ယခုမူ လမ်းမှာကတည်းက စိန်မြကျင်ကို မောင်ချိုက နှင်းဆီပန်းပေးသွားကြောင်း ကာယကံရှင်၏ ဝန်ခံချက်အတိုင်း ကြိုတင်သိထားရပြီးဖြစ်သည်။ သို့ဖြစ်လေရာ ကျုပ်မှာ မောင်ချိုအတွက် ရင်ထဲကမသက်မသာ ဟာတာတာကြီး ဖြစ်သွားမိသည်။ စိန်မြကျင်သည် မောင်ချို၏အပေါ်၌ မည်သို့ စိတ်ကစား၍ နေသည်ကို ကျုပ် ရိပ်စားမိစ ပြုလာရသည်။ သူ့အကြောင်းကို ကျုပ်သည် နားလည်တန်သလောက် နားလည်ထားရသူဖြစ်သည်။ စိန်မြကျင်၏နောက်သို့ တကောက်ကောက်လိုက်၍ ပိုးပန်းနေသော စက်သူဌေးကလေးတစ်ယောက် အရူးအမူးဖြစ်ပြီး သောက်သောက်လဲအောင် စိန်မြကျင်အပေါ်၌ 'ကျ' ရလျက် နောက်ဆုံးတွင် စိတ်ကယောင်ချောက်ချားဖြစ်ကာ ကျန်ရစ်ရဖူးကြောင်းကို ကျုပ်သည် တစ်ဆင့်စကားတစ်ဆင့်နားဆိုသလို ကြားသိဖူးရပြီးသား ဖြစ်သည်။ ထို့ကြောင့်ပင်လည်း မောင်ချိုကလေးတစ်ယောက်အတွက် ကျုပ်စိတ်တွင် တော်တော်ကလေး ပူပန်မိသည်။ စိန်မြကျင်သည် 'ပိုင်းလုံး' သက်သက်ကား မဟုတ်။ သို့သော်... ကျုပ်အထင်ပြောရလျှင် စိန်မြကျင်သည် သူ့အလှ တန်ခိုးအစွမ်းကို ယုံကြည်ကာ အလှဂုဏ်မာန တက်ပြီးလျှင် ဘူးသွင်းပြီးခါစ စုန်းမလို သူ့အနီးသို့ ချဉ်းကပ်လာသူအားလုံးတို့အား အလှကဝေအစွမ်းပြ၍ ဖမ်းစားကာ အပျင်းပြေ ကစားတတ်သောသူ ဖြစ်ပေလိမ့်မည်။ လှပသော မိန်းမများ၌ ထိုညဉ်ဆိုးကလေးများ ရှိတတ်သည်ကို ကျုပ်အရွယ်နှင့်ဆိုတော့ ကြားဖူးနားဝ ရှိထားသည်။

ငင်းအတွေးများကြောင့် ကျုပ်သည် စိန်မြကျင်ကိုငေး၍ ကြည့်နေမိရာ စိန်မြကျင်က မျက်လုံးကလေး ပြုံးပြလိုက်ပြီးနောက်"ဘာများ ဒါလောက်တောင် စိုက်ကြည့်နေရတာလဲ လူကြီးရဲ့... ဟင်းနော်..." ဟု မူမူယူယူကလေး ငေါက်လိုက်ပါ၏။ သူ ရယ်စရာလုပ်နေမှန်းကို သိသောကြောင့် ကျုပ်ကလည်း အလိုက်သင့်ပြုံးရရင်း... "အေးပါဟယ် ငါက စိန်မြကျင်တို့ တစ်နိုင်ငံလုံးကျော်ကြားတာဟာ ဒီလို ရုပ်လှပြီး အဆိုရောအကရော ကောင်းလို့ပဲဆိုတာ တွေးမိနေလို့ပါ..." ဟု ပြောလိုက်ရ၏။ ကျုပ်၏မြှောက်လုံးကို သဘောတွေ့ မနောခွေ့သွားဟန်ရှိသော စိန်မြကျင်က "တော်စမ်းပါ... လူကိုလာပြီးတော့ မြှောက်မနေပါနဲ့... တော်တော်ကြာ အိမ်ခေါင်မိုးနဲ့

mgyoe.com

mgyoe.com


ခေါင်းနဲ့ ဝင်ဆောင့်နေပါဦးမယ်" ဟု ရယ်စရာတစ်လုံး ဖောက်လိုက်ပြန်ပါသည်။ ဘယ်သို့ပင်ဖြစ်စေ သူ့ရင်ထဲ ဖိုးကြိုင်းတုတ်ဖြစ်နေသည်မှာကား သေချာပါသည်။

"ကွမ်းစားဦးလေ…"

စိန်မြကျင်က ချက်ချင်းလောကွတ်တွေ ဝေဝေဆာဆာလုပ်သည်။ ကျုပ်က "အခုပဲ တစ်ယာစားပြီးတယ် တော်ပါပြီ" ဟု ပြောရင်း ကျုပ်လက်ကြား၌ ညှပ်လျက်သား ပါ၍လာသော ဆေးပြင်းလိပ်တိုအား စိန်မြကျင်၏ ဆေးပေါ့လိပ်မီးကို တောင်း၍ ညှိလိုက်ရသည်။ ထိုအခိုက်တွင် ဇာတ်ဆရာ ပြန်လာသဖြင့် ကျုပ်နှင့်စိန်မြကျင်တို့ စကားပြတ်သွားကြကာ ကျုပ်မှာ အလုပ်တာဝန်အတိုင်း မောင်းခတ်ရမည့်ကိစ္စကို သွားရောက်မေးမြန်းရသည်။ ကျုပ်နှင့် ဇာတ်ဆရာတို့ စကားပြောနေခိုက်တွင် အိမ်ရှေ့ လမ်းပေါ်ဆီက စက်ဘီးဂလိုင်လှုပ်သံ ကြားရလေရာ လှမ်း၍ကြည့်လိုက်သည်၌ မောင်ချိုသည် သူ၏စက်ဘီးကို စီးသွားသည်ကို တွေ့ရ၏။ မောင်ချို၏ မျက်လုံးများမှာ ကျုပ်တို့ဆီသို့ ဝဲသွားသည်။ ခပ်ပြုံးပြုံးဖြစ်၍ သွားပုံကိုလည်း ကျုပ် လှမ်း၍မြင်လိုက်ပါ၏။ စိန်မြကျင်ကလည်း ခပ်ပြုံးပြုံး မျက်နှာပေးကလေးနှင့်ပင် ဆေးလိပ်ကို လက်မှချကာ သူ့ခေါင်းတွင် ပန်ထားသော နှင်းဆီပွင့်ကို ခပ်ရွရွကလေး စမ်းလိုက်သည်ကိုပါ ကျုပ်မြင်မိသည်။ ကေန္တ မောင်ချိုသည် သူ တပင်တပန်း ရှာပေးထားရသော နှင်းဆီပွင့်ကို စိန်မြကျင် ပန်မပန် လာ၍ကြည့်ခြင်း ဖြစ်ရမည်။ စိန်မြကျင်ကလည်း "မောင်ပေးတဲ့ ပန်းကို ပန်ထားပါတယ်ရှင့် ကြည့်ပါရှုပါ" ဟု မဆိုသော်လည်း ဆိုဘိသကဲ့သို့ အရိပ်နိမိတ်ပြလိုက်ခြင်းပင် ဖြစ်ပါလိမ့်မည်။ မောင်ချို၏ မျက်နှာ၌ ကျေနပ်သော အရိပ်အယောင်တွေ ယှက်သန်းသွားသည်ကိုလည်း ကျုပ်မြင်မိပါသည်။ ရင်ထဲ၌မူ 'သြော်… ဒီသူငယ်တော့ ခက်တော့မှာပဲ' ဟုသာ ခပ်လေးလေးတွေး၍ နေလိုက်မိပါ၏။ မောင်ချိုသည် စက်ဘီးကို အားနှင့်ဖိနင်းသွားသည်။ သမင်လည်ပြန်တစ်ချက် စိန်မြကျင် ရှိရာသို့ အကြည့်တွင် စက်ဘီးက ချိုင့်တစ်ခုအတွင်းသို့ ဆောင့်ကျသွားသည်။ မောင်ချို စက်ဘီးလဲတော့မလို ဖြစ်သွားခိုက် ရှေ့တူရူမှာလည်း မြင်းလှည်း တစ်စီးလာနေရာ ကံကောင်း၍ မထိမခိုက်ဘဲ စက်ဘီးနှင့်မြင်းလှည်း သီသီကလေး လွဲ၍သွားရသည်။ ကျုပ်မှာ "ဟာ…" ခနဲ ဖြစ်သွားမိ၏။ 'တယ်တညင်နှင့် ပေါက်စတို့တော့ တွေ့လေပြီ' ဟုတွေးကာ မသိမသာ သက်ပြင်းချလိုက်မိသည်။ ပြီးမှ မျက်နှာပိုးသတ်ကာ ဇာတ်ဆရာနှင့် ပြောစရာရှိသည်တို့ကို ပြောပြီးနောက် နှုတ်ဆက်ပြန်ခဲ့ရသည်။ ဤ အဖြစ်အပျက်ကို လမ်းတွင် ကျုပ် တရေးရေးတွေး၍ နေမိသည်။ စိန်မြကျင်နှင့် မောင်ချို

mgyoe.com

mgyoe.com


တို့သည် လုံးဝမအပ်စပ်ကြောင်း ကျုပ်တွေးမိသည်။ စိန်မြကျင်၏ ကျော့ကွင်းထဲသို့ မောင်ချိုတစ်ယောက် တိုးသည်ထက်သာ တိုးဝင်နေလေပြီဟုလည်း စဉ်းစားမိသည်။

ကျုပ် ခုနပြောခဲ့သည့်အတိုင်းပင် မောင်ချိုကလေးတစ်ယောက် စိန်မြကျင်၏ စက်ကွင်းထဲ၌မိကာ ပညာသင် ပျက်စီးသည်သာမက လူပါ ဝရချိုးလယ်အောင် ပျက်စီး ဖွယ်အကြောင်း ဤသို့ပေါ်ပေါက်လာသည်၌ ကျုပ်သည် ဤကိစ္စကို သည်အတိုင်း ကြည့်မနေနိုင်အောင် ရှိရသည်။ ကိုယ်ခင်မင်သော ကိုယ့်မြို့သား လူလိမ္မာကျောင်းသား အရွယ်ကလေးတစ်ဦး ပျက်စီးသွားမည်ကို ကျုပ်စိုးရိမ်မိသည်။ စိတ်က ထင့်၍လာ သည်။ ထို့ကြောင့်ပင် ကျုပ်သည် ဇာတ်ဆရာတို့အိမ်က အပြန်တွင် နေရင်းအိမ်သို့ ရုတ်တရက် မပြန်သေးဘဲ မောင်ချို၏ကျေးဇူးရှင် ဆရာညွှာနေသော အိမ်ဘက်သို့ ဆက်၍လျှောက်လာခဲ့သည်။ ဆရာညွှာ အိမ်အောက်ထပ်၌ တစ်ယောက်တည်းထိုင်နေ သည်ကို အခန့်သင့်ပင် တွေ့ရသောကြောင့် ကျုပ်၏ခြေထောက်များသည် အလို အလျောက်ပင် အိမ်ဝင်းထဲသို့ ဝင်၍သွားခဲ့မိကြလေတော့သည်။

"လာ... ဖိုးထွန်းမောင်ကြီး" ဟု ဆရာညွှာက ဆီး၍ခေါ်လိုက်သည်။ ကျုပ်က သင့်ရာတွင်ဝင်၍ ထိုင်လိုက်သောအခါ၌ ဆရာညွှာက "ဘယ်ကိုသွားမလို့တုံး... သောက်... လက်ဖက်ရည်ကြမ်းရှိတယ်" ဟု ဆိုကာ လက်ဖက်ရည်ကြမ်း ကရားထည့် ထားသည့် ကြိမ်ခြင်းကို ကျုပ်အနီးသို့ တိုးပေးလိုက်သည်။

"ဆရာ့ဆီကို လာခဲ့တာပဲ ဆရာ" ဟု ကျုပ်ကပြောပြီး ကွမ်းဖတ်များကို ထွေးခံထဲသို့ ထွေးချပြီးနောက် ကြိမ်ခြင်းကိုဖွင့်ကာ တရုတ်လက်ဖက်ရည် ပန်းကန် ကလေးနှင့် ခပ်နွေးနွေး လက်ဖက်ရည်ကြမ်းတစ်ခွက်ကို ငှဲ့လိုက်ရသည်။

"ဘာကိစ္စများတုံး ဖိုးထွန်းမောင်ရဲ့... ဆွမ်းလောင်းသင်းကိစ္စ ထင်ပါရဲ့..."

ဆရာညွှာက မေးသည်။ မြို့တွင် ဆွမ်းလောင်းသင်း ခုနစ်သင်းရှိသည်။ သီတင်း တစ်ပတ်လုံး အရဏ်တက်၌ ပိဏ္ဍပတ်ဆွမ်းကို တစ်သင်းလျှင်တစ်နေ့ အလှည့်ကျ ရပ်ကွက်အလိုက် လောင်းလှူကြသည်။ မြို့ရှိ ရဟန်းသံဃာတော်များ ဆွမ်းကွမ်း ပြည့်စုံသည်။ ကျုပ်တို့၏ ဆွမ်းလောင်းသင်းမှာ တနင်္ဂနွေပတ် ဆွမ်းလောင်းသင်းဖြစ် သည်။ စောစောက ပြောခဲ့သည့်အတိုင်း ကျုပ်တို့ရပ်ကွက်မှာ လခစားတွေပေါရာ တနင်္ဂနွေနေ့၌ အားလပ်ရက်ဖြစ်၍ ဆွမ်းလောင်းသင်းကို ကမကထလုပ်နိုင်ရန် အချိန်ရ ကြသည်။ ကျောင်းသားပေါသော ရပ်ကွက်လည်းဖြစ်လေရာ ကျောင်းသားလူငယ်များ က စနေနေ့ ကျောင်းပိတ်ရက်တွင် ပိတ်ဖြူလုံချည်ကိုယ်စီနှင့် တစ်မြို့လုံး ဆွမ်းဆန်ခံ

mgyoe.com

mgyoe.com


ငွေအလှူခံထွက်ကြသည်။ စနေနေ့ညတွင် ဆွမ်းနှင့် ဆွမ်းဟင်းချက်ကြသည်။ ထင်းခွဲ ရေခပ် မီးမွှေးစသော အလုပ်များကို ကျောင်းသားလူငယ်များက လုပ်သည်။ လူကြီးပိုင်းက ဆွမ်းနှင့် ဆွမ်းဟင်းချက်ပေးသည်။ အရုဏ်မတက်မီကတည်းက ကြွလာသော သံဃာတော်များအား အရုဏ်ဆွမ်းလောင်းသည်။ လူငယ်ပိုင်းကမူ သူတို့တာဝန်ပြီးလျှင် အရပ်ထဲ၌ မီးကင်းလှည့်ကြသည်။ သူတို့တစ်တွေ ဆွမ်းချက်ရုံသို့ ပြန်ရောက်ကြသောအခါ ဆွမ်းလောင်းခြင်းကိစ္စ ပြီးစီးသလောက် ရှိပြီဖြစ်၍ ဆွမ်းချိုးနှင့် ဆွမ်းဟင်းကျန်အနှစ်များ နယ်ဖတ်စားသောက်ကြသည်။ ထို့နောက် ခွက်ယောက်အိုးအင်ပစ္စည်းများကို ဆေးကြောသိမ်းဆည်းပြီးမှ အိမ်သို့ကိုယ်စီပြန်ကြပြီး တစ်ရေး 'နှပ်' ကြသည်။

ဆရာညွှာမှာ တနင်္ဂနွေ ဆွမ်းလောင်းသင်း၏ လူကြီးတစ်ယောက်ဖြစ်သည်။ ကျုပ်တို့ခေတ်က ဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးတွေ မရှိ၊ ညီညာဖြဖြ စု၍ လုပ်ကြကိုင်ကြသည်။ ပေးသမျှတာဝန်ကို ကျေပွန်သည်။ ရာထူးအမည်မရှိ၊ ကုလားထိုင်မလု၊ အတူတူ ဝိုင်းဝန်းကြိုးစားကြသည်။ သူ့တာဝန် ကိုယ့်တာဝန်ဟူ၍ သီးခြားမထားလှ၊ လုပ်နိုင်သူက ကောက်ကာငင်ကာ လုပ်သွားကြသည်။ တက်ညီလက်ညီ ရှိလှသည်။ မင်းသားကြီး မလုပ်ရ၍ ပတ်မကြီး ထိုးဖောက်ခြင်း မရှိချေ။ အသင်းသားစာရင်းတို့ ဝင်ကြေးတို့ လစဉ်ကြေးတို့ မရှိ၊ သဒ္ဓါတတ်အားသမျှ အလှူငွေထည့်ကြသည်။ ရွာစဉ်လျှောက်၍ အလှူခံသည်။ ရသမျှကို တတ်အားသမျှ ချက်ပြုတ်လှူဒါန်းကြသည်။ အကြွယ်ဝဆုံးပုဂ္ဂိုလ်က ငွေထိန်းပေးသည်။ နှစ်ခြမ်းကွဲခြင်းဆိုသည်ကို ဟိုတုန်းက နားမလည်ခဲ့ကြချေ။ စေတနာသန့်သည်။

ဆရာညွှာသည် ဆွမ်းလောင်းသင်းကို ဂရုစိုက်သူဖြစ်၍ ကျုပ် သူ့အိမ်ထဲသို့ ဝင်ထိုင်သောအခါ ဆွမ်းလောင်းသင်းကိစ္စဟု ထင်သည်။ ကျုပ်သည်လည်း ဆွမ်းလောင်းသင်းကို တတ်အားသမျှ ဂရုစိုက်သူဖြစ်ရာ ဆရာညွှာ ထင်မည်ဆိုလျှင်လည်း ထင်လောက်ပေသည်။

"ဟုတ်ကဲ့... ဆွမ်းလောင်းသင်းကိစ္စရယ်လို့ ဘာရယ်တော့ မဟုတ်ပါဘူး ဆရာ။ ဟိုအကြောင်း သည်အကြောင်းကလေးတွေကို ဆရာနဲ့ ပြောစရာရှိလို့ လာခဲ့တာပါ"

ကျုပ်က မောင်ချိုအကြောင်းကို တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်၍ဖြေလိုက်ရသည်။

"အင်း... ဆိုစမ်းပါဦး..."

ဆရာညွှာက ကျုပ်စကားကို နားစွင့်ရင်းမေးသည်။

mgyoe.com

mgyoe.com


"ဒီလိုပါဆရာ... အခု ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ဇာတ်ပိုင်ရှင် ဦးမောင်ကလေး ရဲ့ဇာတ် လာပြီးငှားနေတာကို ဆရာသိမှာပေါ့"

"ဩော်... ဟုတ်ပါရဲ့ အခုတစ်လော ဆိုင်းသံဗုံသံတွေ ကြားရတယ်။ ဇာတ်ထွက်ဖို့ စားတော်တိုက်နေကြပြီထင်ပါ့"

"ဟုတ်ပါတယ် ဆရာ၊ အဲ... အဲဒီဇာတ်ထဲမှာ မင်းသမီးတွေရော ယိမ်းသမတွေရော တော်တော်ပါတယ် ဆရာ..."

"ပါမှာပေါ့လေ... ဇာတ်ဆိုတာက လူစုံပါတတ်ပေသကိုး"

"တိုတိုပြောရရင် ဆရာ့တပည့်တချို့ဟာ အဲဒီဇာတ်ပွဲက ယိမ်းတိုက်တာကို သွားသွားပြီးတော့ နတ်က,ရာ ကျီးမောဖြစ်နေကြတယ် ဆရာ"

ကျုပ်၏စကားကို ကြားရသောအခါ ဆရာညွှာက တစ်ချက်စဉ်းစားလိုက်သည်။ ပြီးမှ ပြုံး၍ "ကလေးတွေပဲဗျာ၊ ဒီလိုပေါ့ ဆိုင်းသံကြားရင် သွားချင်ကြည့်ချင်တတ်ကြတာမျိုးကပဲ။ ပြီးတော့ အခုမှ ကျောင်းတွေက စပြီးဖွင့်စ ရှိပါသေးတယ်။ စာမေးပွဲနားနီးရင်တော့ ပညတ်တန်ရင် ပညတ်ရပေမပေါ့လေ" ဟု ဆိုသည်။

ကျုပ်မှာ... စကားဘယ်လို ဆက်ရမှန်းမသိ ဖြစ်နေရသည်။ သို့သော် ပြောမှ ဖြစ်မည့်စကားမို့ ပြောဖြစ်အောင်ပင် ပြောလိုက်ရသည်။

"ခက်တာက ဒီလိုဆရာ... ဆရာ့တပည့် မောင်ချို့ဟာ..." စကားပင် မဆုံးမိ "မောင်ချို" ဆိုသော သူ့တပည့်အမည်ကို ကြားလိုက်ရသောအခါ၌ ဆရာညွှာသည် ဆတ်ခနဲဖြစ်သွား၏။

"ဘာဖြစ်သလဲ... မောင်ချိုဘာဖြစ်လို့လဲ" ဟု ဆရာညွှာက ခပ်လောလော ကလေး မေးလိုက်ပါသည်။ မောင်ချိုသည် သူ့အချစ်ဆုံး ပညာတော်သူ တပည့်ဖြစ်ရာ ဆရာညွှာသည် ထိတ်ခနဲ ဖြစ်၍သွားပုံရသည်။

"တခြားတော့မဟုတ်ပါဘူး ဆရာ၊ မောင်ချိုဟာ ဇာတ်ထဲကမင်းသမီး စိန်မြကျင်နဲ့ အသိအကျွမ်းဖြစ်နေပြီးတော့ အဲဒီအိမ်နားမှာပဲ ရစ်ဝဲရစ်ဝဲ ဖြစ်နေတယ် ဆရာ၊ ဘာရယ်လို့တော့ မဟုတ်သေးပါဘူး။ ဒါပေမဲ့ မီးဆိုတာ မလောင်ခင်တားရမယ်ဆိုတာလို..."

ကျုပ်စကားကို ကြားရသောအခါ ဆရာညွှာသည် တွေ၍နေသည်။ ပြီးမှ "ဒီကောင်... မောင်ချို ဒီအတတ်တွေကို မတတ်ပါဘူး၊ ရိုးလည်းရိုးသား ကြိုးလည်းကြိုးစားတဲ့ ကလေးပါ။ အခုလိုကြားရတော့ ယုံနိုင်စရာတောင် မရှိဘူး။ ခင်ဗျားပြောလို့

mgyoe.com

mgyoe.com


သာ ယုံရမှာ...” ဟု အံ့သြသောအသံနှင့် ပြောနေ၏။

“ဆရာပြောတာ မှန်ပါတယ်ဆရာ။ မောင်ချိုဟာ ရိုးသားခဲ့ပါတယ်။ ဒါပေမဲ့ စိန်မြကျင်က မောင်ချိုမှာ ပစ္စည်းရှိတယ်ဆိုတာ သိရလို့ တော်တော်ကာသာ ပေးနေတာကတော့ အမှန်ပါပဲ ဆရာ။ မောင်ချိုကလည်း စိန်မြကျင်ပန်ဖို့ ပန်းလိုက်ဝယ်ပေးနေရတဲ့ အခြေကိုတော့ ရောက်နေပြီ ဆရာ...”

ကျုပ်စကားကို ကြားရသောအခါ ဆရာညွှာက မယုံနိုင်သော မျက်နှာထားနှင့် ကျုပ်ကို စိုက်ကြည့်နေသည်။

“ဟုတ်မှဟုတ်ရဲ့လား ဖိုးထွန်းမောင်ရယ်၊ မောင်ချိုဟာ ဒီလို အကျင့်မပျက်တတ်ပါဘူး”

“မဟုတ်ဘဲ ကျွန်တော်ပြောပါ့မလား ဆရာ။ ကျွန်တော့်တူကလေး ညီကလေးလို နေတာပဲ။ သူ့မှာ အခုတော့ ဘာမှမဖြစ်သေးပါဘူး။ နောင်ရေးအတွက် ဆရာ့ကို လာပြီး သတိပေးတာပါ။ ဘွင်းဘွင်းပြောရရင် မင်းသမီး စိန်မြကျင်က မောင်ချိုကို လိမ့်ဖို့ ဆင်ကြံကြံနေပုံရတယ် ဆရာ။ ဒီတော့ကာ ဆရာ့တပည့်ကိုလည်း ထိန်းထိန်းသိမ်းသိမ်းကလေး ဆုံးမပါဦး ဆရာ။ ကျွန်တော် စေတနာနဲ့ ပြောရိုးအမှန်ပါ”

ဆရာညွှာသည် အတော်ကလေးကြာအောင် စဉ်းစားနေပြီးကာမှ “အေးလေ... ကျုပ်အကဲအလေးကို ကြည့်ပါဦးမယ်၊ ဆုံးမတန်ရင်လည်း ဆုံးမရတာပေါ့။ အေး... အခုလိုလာပြီးတော့ သတိပေးတာ ကျေးဇူးတင်တယ် ဖိုးထွန်းမောင်ကြီးရဲ့။ ကိုင်း ရေနွေးသောက်လိုက်ဦး” ဟု စကားဖြတ်ပစ်လိုက်သည်။

ဆရာညွှာသည် သူကိုယ်တိုင် မျက်မြင်အကြောင်းစုံ မသိရသေးခင်မှာ မောင်ချို၏ ဖြစ်ပျက်ပုံကို ကျုပ်စကားအရ လက်ခံလိုဟန် မတူသေး။ ကျုပ်ကို မယုံကြည်၍တော့ မဟုတ်မှန်း ကျုပ်သိပါ၏။ သို့သော် ဆရာညွှာသည် သမာသမတ်စိတ်ရှိသောသူဖြစ်ရာ သူကိုယ်တိုင် အကဲခတ်ချင်သေးဟန် တူပါသည်။ ကျုပ်လည်း ဆရာညွှာ၏ ထံသို့ လာခဲ့ရင်းကိစ္စ ပြီးစီးပြီဖြစ်သောကြောင့် ရေနွေးတစ်ခွက်သောက်ပြီးလျှင် နှုတ်ဆက်၍ ထွက်လာခဲ့၏။

ယခုခေတ်မှာတော့ မပြောတတ်အောင် ဖြစ်၍နေ၏။ ကျုပ်တို့ခေတ်တုန်းက ဆိုလျှင် အရပ်ထဲရှိ မိန်းကလေး ယောကျ်ားလေး လူငယ်လူရွယ်များကို ကျုပ်ပြုလုပ်ခဲ့သလိုပင် အမြင်မတော်လျှင် ကိုယ်တိုင်ဆုံးမတန်လျှင် ဆုံးမတတ်ကြသည်။ သို့မဟုတ်လျှင်လည်း သက်ဆိုင်ရာ လူကြီးမိဘ ဆရာသမားများကို တိုင်ကြားတတ်ကြသည်။

mgyoe.com

mgyoe.com

ယခုခေတ်မှာတော့ ဒီအလေ့အထမျိုးတွေ ပျောက်ကုန်သလောက် ဖြစ်နေသည်။ 'နေသာပါ့၊ လေညှာက' ဆိုသလို ကိုယ့်ရပ်ကွက်အတွင်း၌ပင် နီးစပ်သော အိမ်နီးနားချင်းတို့ပင် ဘာသာလဝါ နေကြထိုင်ကြသည်။ ဤကိစ္စမျိုးနှင့် ပတ်သက်၍ စေတနာအလျောက် ပြောမိပါလျှင်လည်း 'မဆီမဆိုင် လက်ပံသား ဓားနှင့်ချိုင်' ဟု ဆိုကောင်းဆိုကြပေမည်။ ယခုခေတ်မှာ ဘေးအိမ်က မီးလောင်နေလျှင်ပင် တစ်ဖက်အိမ်က ဆေးလိပ်သောက် မပျက်ကြ။ ရှေးမြန်မာ့ဆက်ဆံရေး ဓလေ့ထုံးတမ်းများသည် ခေတ်၏ ဒီရေအရှိန်ကြောင့် ပျောက်ပျက်ကုန်သည်မှာ ဝမ်းနည်းစရာတစ်မျိုးတော့ ကောင်းသည်။ တစ်ရပ်တည်းနေ တစ်ရေတည်းသောက်သူတို့ တစ်နေ့ကြာ၍မှ စကားတစ်လုံး မပြောမိကြသောအခါများပင် ရှိပေလိမ့်မည်ထင်သည်။ ဤသို့ဖြစ်ရခြင်းမှာ အမြန်ခေတ်ကြီးဖြစ်၍ 'သုတ်သုတ်သွား၊ သုတ်သုတ်စား၊ သုတ်သုတ်လုပ်' ဆိုသည့် 'သုတ်သုံးကျမ်း' ကျေကြရသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ သူတစ်ပါး အရေးထက် ကိုယ့်အရေးက ပို၍ကြီးနေကြသည်။ တစ်ဖန် 'ကိုယ့်ဘာသာကိုယ်နေ' ဆိုသည့် နိုင်ငံခြားဓလေ့တွေကလည်း လွှမ်းမိုးလာခြင်း ဖြစ်ဟန်ရှိသည်။ သူများနိုင်ငံတွေ၌ မိတ်ဆက်ပေးမည့်သူ မရှိလျှင် စကားမပြောကြဘူးဟု ကြားဖူးသည်။ မည်သို့ပင် ဖြစ်စေ... ကျုပ်တို့ ဟိုစဉ်အခါတုန်းကတော့ အရပ်ထဲ၌ လက်ရည်တစ်ပြင်တည်း နေကြသည်။ ပြောစရာရှိလျှင်ပြော၍ ကူစရာရှိလျှင် ကူကြသည်။ 'လက်စားလိုက်' စနစ်ပင် ရှိကြသည်။ မည်သူ့အိမ်မဆို အချိန်မရွေး ဝင်ထွက်သွားလာ စားသောက်နိုင်ကြသည်။ ဖော်ရွေခင်မင်ကြသည်။ ဂုဏ်တုဂုဏ်ပြိုင် နည်းပါးသည်။ ပကာသန မရှိလှသေးချေ။ တစ်အိမ်က မီးခိုးတိတ်လျှင်ပင် တစ်အိမ်က ဆန်သွား၍ ပို့ကြသည်။ စုပေါင်းလုပ်ကိုင်ကြသည်။ စုပေါင်းလှူဒါန်းသည်။ အဲဒါ ဟိုတုန်းကခေတ် ဖြစ်သည်။ အဲဒီခေတ်တုန်းကပေမို့ ကျုပ်သည် အရပ်ထဲက မောင်ချိုကလေးအတွက် ပူစောင့်ပန်းပင် ရှိရခြင်းဖြစ်လေသည်။ ယခုလက်ရှိခေတ်တွင်မူကား မောင်ချို၏အရေးသည် သူ့ကိုယ်ရေးကိုယ်တာဖြစ်သည်။ ပုဂ္ဂလိကအရေး ဖြစ်သည်ဆိုကာ လျစ်လျူရှုထားကြမည်သာ ဖြစ်သည်။ ကျုပ်တို့ခေတ်တုန်းကတော့ ဒီလိုမဟုတ်ပါ။

ရှိစေတော့ မောင်ချို၏အကြောင်းကို နည်းနည်းဆက်၍ ပြောပြချင်ပါသေးသည်။

ကျုပ်က မောင်ချို၏ ဖြစ်ကြောင်းကုန်စင်ကို ဆရာညွှာအား သွား၍တိုင်ခြင်းမှာ အခြားကြောင့်မဟုတ်၊ ဆရာညွှာသည် မောင်ချို၏ ဆရာရင်းဖြစ်သည်။ ဟိုခေတ်က

mgyoe.com